# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်၊ သောကြာနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၅)


**ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့်ပါဝင်**

မြန်မာ့ယဉ်ကျေးမှု အနုပညာရှင်အားလုံးက အမျိုးသား ညီလာခံကြီး အောင်မြင်ပြီးမြောက်ရေးက အစပြုတဲ့ နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ဖြစ်ထွန်းရေး အတွက် မိမိတို့ကျရာကဏ္ဍက အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပါဝင်ကြိုးပမ်း စွမ်းဆောင် ပေးကြပါ။

## နိုင်ငံကြီးများက နိုင်ငံငယ်များအပေါ် ယဉ်ကျေးမှုအရ လွှမ်းမိုးနိုင်ရေး ပြောင်ပြောင်တင်းတင်းလှုံ့ဆော်ပန်တီးနေ ယဉ်ကျေးမှုအရေခြုံပြီး ထိုးဖောက်လာသော သရုပ်ပျက်စရိုက်များ မိမိတို့ယဉ်ကျေးမှုနယ်တွင် စွန်းထင်းမကျန်ရေး

# အမျိုးသားယဉ်ကျေးမှုစွမ်းအား၊ အမျိုးသားရေးစိတ်ဓာတ်ကိုယ်ခံစွမ်းအားဖြင့် ခိုင်ခိုင်မာမာတွန်းလှန်တိုက်ဖျက် မြန်မာနိုင်ငံတော်ကို မြန်မာမှုမြန်မာ့ဟန်ဖြင့် မြန်မာတိုင်းရင်းသားများကိုယ်တိုင် တည်ထောင်နိုင်ကြောင်းပြသ

ရန်ကုန် အောက်တိုဘာ ၁၄

**၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် အမျိုးသားဇာတ်ရုံ၌ကျင်းပသည့် ဒွါဒသမအကြိမ်(၁၂ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ကျင်းပရေးနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်။**



ဒွါဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်လာကြတဲ့ နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ သံတမန်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများနဲ့ ပြိုင်ပွဲဝင် အနုပညာရှင်များအားလုံး **"နှလုံးစိတ်ဝမ်း ရွှင်လန်းချမ်းမြေ့ကြပါစေ၊ မိမိတို့ရဲ့ ရိုးရာယဉ်ကျေးမှုအနုပညာရပ်များကို ပိုမိုစည်ပင်ထွန်းကားပြန့်ပွားစေရအောင် ထိန်းသိမ်းမြှင့်တင်ပေးနိုင်တဲ့ ပုဂ္ဂိုလ်များ ဖြစ်ကြပါစေ"**လို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များဖြစ်တဲ့ အဆို၊အက၊အရေး၊အတီး ပညာရပ်များဟာ ယဉ်ကျေးသိမ်မွေ့မှု၊ အဆင့်အတန်းမြင့်မားမှု၊ ရသမြောက်မှု၊ ပညာခန်းကျယ်ဝန်းနက်ရှိုင်းမှု ဂုဏ်ရည်များနဲ့ပြည့်စုံလှသည် သာမက အမျိုးသားရေး အနှစ်သာရများနဲ့ ပြည့်ဝထုံမွမ်းလှတဲ့အပြင် မြန်မာလူမျိုးတို့ရဲ့ မျိုးရိုးဂုဏ်ရှိန်တိုးတက်မြင့်မားရေးကိုပါ အစဉ်ထာဝရ ထောက်ကူပေးနိုင်ခဲ့တာ သမိုင်းမှာအထင်အရှားပဲဖြစ်ပါတယ်။

**ပိုမိုတည်တံ့**

ဒါကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးများကို နှစ်စဉ်နှစ်တိုင်း ခမ်းခမ်းနားနား ထည်ထည်ဝါဝါကျင်းပပြီး မိမိနိုင်ငံသူ နိုင်ငံသားပြည်သူများအကြား

***စာမျက်နှာ ၈ ကော်လံ ၁*** ✡

**ဒွါဒသမအကြိမ်(၁၂ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒွါဒသမအကြိမ်(၁၂ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (မြန်မာ့အလင်း)**



**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)

# ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်များ သိသာစွာအောင်မြင်ဖြစ်ထွန်း ပြည်ထောင်စုကြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲဧကန်ဖြစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်၏အနာဂတ် တင့်တယ်ခိုင်ခံ့တည်တံ့စေရန်အတွက် အနှစ်(၃၀) နှစ်ရှည်စီမံကိန်းများ ရေးဆွဲချမှတ်၍ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစသည့် ကဏ္ဍများကို ဆက်စပ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော် အတွင်းပိုင်းဒေသများ၌ ဖွံ့ဖြိုးတိုးတက်မှု ကွက်လပ်ဖြစ်ကျန်ရစ်နေသည့်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဖွံ့ဖြိုးရေးအထူးဒေသကြီးများသတ်မှတ်၍ အထူးစီမံကိန်းများ ဆောင်ရွက်သွားရန် လမ်းညွှန်ခဲ့ရာ ယခုအခါ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခု စီမံကိန်းကြီးများ ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။

နိုင်ငံတော်အစိုးရက ဖွံ့ဖြိုးရေးအထူးဒေသကြီးတိုင်းတွင် တက္ကသိုလ်ကောလိပ်များ၊ အထူးကုဆေးရုံကြီးများ၊ ဆည်တမံများနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများအပါအဝင် ဖွံ့ဖြိုးရေးလိုအပ်ချက်များကို အလေးထား စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက် အထောက်အကူဖြစ်စေသည့် အခြေခံကောင်းများ ပေါ်ထွက်နေပြီဖြစ်ရာ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက် ဘက်စုံ၊ ကဏ္ဍစုံ၌ အကျိုးကျေးဇူး များစွာဖြစ်ထွန်းနေပြီ ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဧရာဝတီတိုင်းခရီးစဉ်အတွင်း အောက်တိုဘာလ ၁၁ ရက်က ပုသိမ်မြို့ မြို့တော်ခန်းမတွင် တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ပုသိမ်ခရိုင်၊ မအူပင်ခရိုင်နှင့် မြောင်းမြခရိုင်တို့မှ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မှာကြားရာတွင်–

**"မိမိတို့ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းဆောင်တာများမှာ ထုထည်ပမာဏ ကြီးမားကျယ်ပြန့်လှသော်လည်း နေ့မအား၊ ညမနား အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ၁၅နှစ်ကျော် ၁၆နှစ်ခန့်ကာလအတွင်း နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်မှာ ယခင်အခြေအနေနှင့် နှိုင်းစာလျှင် သိသာထူးခြားစွာ တိုးတက်ဖြင့်ထွန်းလာခဲ့သည်မှာ မည်သူမျှငြင်းမရနိုင်သည့် မျက်မြင်ကိုယ်တွေ့များပင်ဖြစ်ကြောင်း"**

ပြောကြားသွားသည်။

နိုင်ငံတော်အစိုးရသည် ပြည်နယ်နှင့်တိုင်းများအားလုံး ဒေသအလိုက်မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများကို အလုံးအရင်းဖြင့် ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတစ်ဝန်း၌ တက္ကသိုလ်ကောလိပ်ပေါင်း ၁၅၆ ခု၊ ဆေးရုံကြီးပေါင်း ၇၇၆ ခုအထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီ ဖြစ်သည်။ မြန်မာနိုင်ငံတွင် အရှည်ဆုံးဖြစ်မည့် သံလွင်မြစ်ကူး မော်လမြိုင်တံတားကြီးကို တည်ဆောက်လျက်ရှိရာ ယင်းတံတားကြီးပြီးစီးသွားပါက မြစ်ကူးချောင်းကူး တံတားအကြီးစား ၁၆၀ ကျော် တည်ရှိလာပြီး တစ်နိုင်ငံလုံး သွားလာဆက်သွယ်မှု ပိုမိုလွယ်ကူလျင်မြန်လာမည်ဖြစ်သည်။

ထို့အပြင် နယ်စပ်ဒေသများတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများချမှတ်ပြီး လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးစသည့် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံလိုအပ်ချက်များကို အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးနိုင်ခဲ့သည်။ ယခင်က နယ်စပ်မြို့ကလေးများသည် ယခုအခါ ခေတ်မီတိုက်တာအိမ်ခြေများဖြင့် မြို့ကြီးပြကြီးများသဖွယ် ဖြစ်ထွန်းနေသည်ကို အထင်အရှား မြင်တွေ့နေရသည်။

ဤကဲ့သို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများကို ပြည်သူများ လက်တွေ့ခံစားကြရသည်နှင့်အမျှ တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တိုးတက်ခိုင်မာလာပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုကိန်းအောင်းခိုင်မြဲလာသည်ကို တွေ့မြင်နေရပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်များ သိသာထင်ရှားစွာ အောင်မြင်ဖြစ်ထွန်းလာခြင်းနှင့်အတူ သက်ဆိုင်ရာ တာဝန်ရှိသူများက ဒေသခံပြည်သူများနှင့်လက်တွဲ၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြမည်ဆိုပါက မိမိမြို့နယ်၊ မိမိခရိုင်၊ မိမိတိုင်းနှင့် မိမိတို့၏ပြည်ထောင်စု ကြီးသည် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲဧကန်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ရန်ကုန်တိုင်းအတွင်းရှိ တရားရုံးအဆင့်ဆင့်၏ တရားစီရင်ရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို ဗဟန်းကြားတောရလမ်းရှိ တရားရုံးချုပ်မွှောရုံတွင် အောက်တိုဘာ၉ ရက်ကကျင်းပရာ ရန်ကုန်တိုင်း တရားသူကြီး ဦးအောင်ငွေ ဆွေးနွေးမှာကြားစဉ်။ (က–ပ)

## မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ သုတေသနစာတမ်းဖတ်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၄**

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့က ကြီးမှူး၍ စတုတ္ထအကြိမ် သုတေသနစာတမ်းဖတ်ပွဲကို ရန်ကုန်မြို့ စိန်ရတုသဘင်ခန်းမ၌ အောက်တိုဘာ ၂၂ရက်နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ပြီး စာတမ်းဖတ်ပွဲများကို ရန်ကုန်တက္ကသိုလ်ပင်မ စာသင်ခန်းမတို့၌ အခန်းခြောက်ခန်းနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်စာသင်ခန်းမတို့၌ အခန်းရှစ်ခန်းခွဲကာ ထိုနေ့မွန်းလွဲပိုင်းမှ အစပြု၍ တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်သည်။

ဝိဇ္ဇာဘာသာရပ်ဆိုင်ရာ စာတမ်းများ ကို သမိုင်းခန်းမ၌လည်းကောင်း၊ ဘူမိဗေဒနှင့် ပထဝီဝင်စာတမ်းများကို ပထဝီဝင်ဌာန၌လည်းကောင်း၊ သတ္တဗေဒ၊ ရက္ခဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒနှင့် သင်္ချာစာတမ်းများကို သိပ္ပံအဆောက်အအုံရှိ စာသင်ခန်းမများ၌ လည်းကောင်း၊ စီးပွားရေးပညာ၊ ပညာရေးနှင့်စာကြည့်တိုက်နှင့် သုတပညာ စာတမ်းများကို ရန်ကုန်စီးပွားရေး တက္ကသိုလ် စာသင်ခန်းမ၌ လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် သုတေသီများ၊ စိတ်ဝင်စားသည့် ပညာရှင်များ တက်ရောက် ပါဝင် ဆွေးနွေးနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန်ဖလား(၁၃) ကြိမ်မြောက် မျက်မမြင် လမ်းလျှောက်ပွဲ တတိယအကြိမ် အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၁၃ ရက်က မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ (၄)တွင်ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်စိုးထံ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်၊ စက်မှု၄လမ်း(MICO) အထည်ချုပ်စက်ရုံ ဦးအောင်ဇင်က ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ ချုပ်ပြီးအထည် ၂၃၀ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

## လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၁၄**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ် (၂၄/၂၀၀၄)သင်တန်းဖွင့်ပွဲ အခမ်းအနားကို တိုက်ကြီးမြို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ အောက်တိုဘာ ၁၂ရက်နေ့နံနက် ၉ နာရီကကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွန်းနီ တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးမြင့်ဦးနှင့် ညွှန်ကြားရေးမှူးများ၊ အရာထမ်းများ၊ သင်တန်းနည်းပြနှင့် သင်တန်းသားများ တက်ရောက်ကြကြောင်း သိရှိရသည်။ **(က–ပ)**



## ရွှေရတုသဘင်အထိမ်းအမှတ် စာမူများ ပေးပို့နိုင်

**ရန်ကုန် အောက်တိုဘာ ၁၄**

ကော့ကရိတ်မြို့နယ် ကော့ဘိန်းရွာ ကျောင်းကြီးမဟာဝိဟာရ ပရိယတ္တိစာသင်တိုက်တည်ထောင်သည့် နှစ်(၅၀)ပြည့် ရွှေရတုသဘင်ကို ၁၃၆၇ ခုနှစ် တပေါင်းလဆန်း ၅၊၆၊၇၊၈ ရက်များတွင် ကျင်းပမည် ဖြစ်သည်။ ရွှေရတုသဘင် အထိမ်း အမှတ်စာစောင်ကို မွန်–မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေမည်ဖြစ်ရာ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများကို ၁၃၆၆ ခုနှစ် တပေါင်းလပြည့်ကျော်၁၅ ရက်နောက်ဆုံးထား၍ စာချဆရာတော် ဘဒ္ဒန္တဝိသာရဒ ကျောင်းကြီးစာသင်တိုက် ကော့ဘိန်း ဆက်သွယ်ရေးစခန်း ကော့ကရိတ်မြို့နယ် ကရင်ပြည်နယ်သို့ ရေးသားပေးပို့နိုင်ကြောင်း သိရသည်။ **(က–ပ)**

## မြဝတီရုပ်မြင်သံကြား

**၁၅–၁၀–၂၀၀၄**
**(သောကြာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Tenses ပထမနှစ်–အင်္ဂလိပ်စာ (အထူးပြုအားလုံး)
၅:၃၀ ၉။ ပညာခေတ်
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရေသူမလေးရဲ့အချစ်"** (အပိုင်း–၈)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား"** (ဒုတိယတွဲ) (အပိုင်း–၂၂)

# ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပထမနေ့ ပြိုင်ပွဲအစီအစဉ်များ သတ်မှတ်နေရာအသီးသီး၌ စတင်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၄

**မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့သည် သမိုင်းအစဉ်အလာကြီးမားခဲ့ထည်ပြီး ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားကြသည့်အလျောက် နက်နဲသိမ်မွေ့သော အမျိုးသားရေးဂုဏ်ရည်၊ အမျိုးသားရေးစံထားမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများကို နှစ်ပေါင်းထောင်ချီသည့် မြန်မာ့သမိုင်းဦးအစကာလများမှသည် ယနေ့ထက်တိုင် သမိုင်းအစဉ်အဆက်တွင် အခိုင်အမာ မော်ကွန်းထိုးနိုင်ခဲ့ကြသည်ကို ဂုဏ်ယူဝင့်ကြွားဖွယ်တွေ့မြင်ကြရမည်ဖြစ်သည့် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပထမနေ့ပြိုင်ပွဲအစီအစဉ်များကို ရန်ကုန်မြို့ရှိ သတ်မှတ်နေရာအသီးသီး၌ ယနေ့နံနက်ပိုင်းမှစတင်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**

ထိုကဲ့သို့ကျင်းပရာတွင် ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက်ဘက်စုံခန်းမ၌လည်းကောင်း၊ အကပြိုင်ပွဲကို ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌လည်းကောင်း၊ အရေးပြိုင်ပွဲကို ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ပန်တျာကျောင်း၌လည်းကောင်း၊ အတီးပြိုင်ပွဲ၏ ဒိုးပတ်အတီး ပြိုင်ပွဲကို စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိပဒုမ္မာဇာတ်ရုံ၌လည်းကောင်း၊ ပတ္တလားအတီးပြိုင်ပွဲကို ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇ ဇာတ်ရုံ၌လည်းကောင်း အသီးသီး ကျင်းပကြသည်။



**ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကာလပေါ်အခြေခံ(၁၅-၂၀)နှစ်(အမျိုးသား) အဆိုပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မောင်အောင်ကြည်မိုး ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)**

### အဆိုပြိုင်ပွဲ

ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန



**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အခြေခံပညာ အဆင့် အသက် (၅-၁၀) နှစ် အရေးပြိုင်ပွဲတွင် 'ဒို့ကျောင်းတော်' သီချင်း ခေါင်းစဉ်ဖြင့် ရေးသား ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)**

ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ စတင်ကျင်းပရာ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ဓမ္မပူဇာတေး အဆိုပြိုင်ပွဲ၌ တေးသံရှင် ဌေးဌေးမြင့်သီဆိုခဲ့သည့် အစိန္တေယျသီချင်းဖြင့် မန္တလေးတိုင်းမှ မခင်ဆွေအေးနှင့် မခင်ရွှေမြည္ဆွန့်၊ မွန်ပြည်နယ်မှ မဝင်းဝင်းအေး၊ ကရင်ပြည်နယ်မှ မနန်းခင်သူဇာထွေး၊ စစ်ကိုင်းတိုင်းမှ မစိန်ဆွေမြ၊ မကွေးတိုင်းမှ မသော်သော်ဟန်၊ ရန်ကုန်တိုင်းမှ မသဲမြတ်စိုး၊ဧရာဝတီတိုင်းမှ မဇာလီစိုး၊ ပဲခူးတိုင်းမှ မခင်သူသူဝင်း၊ ရခိုင်ပြည်နယ်မှ သီတာမိုးနှင့် ရန်ကုန်တိုင်းမှ မခင်မြသက်နှင်းတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် အဆိုပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင်ပြန်လည်ကျင်းပရာ အခြေခံပညာအဆင့် အသက် (၁၅-၂၀)နှစ် (အမျိုးသား)ခေတ်ဟောင်း/ ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ဂီတစာဆို မောင်မောင်သီ ရေးစပ်သီကုံးပြီး တေးသံရှင် တင်တင်မြ သီဆိုခဲ့သည့် **'ပင်ချင်းယှက်၍ နွယ်ချင်းခက်သော်'** သီချင်းဖြင့် စစ်ကိုင်းတိုင်းမှ မောင်သန်းမြတ်စိုး၊ ရန်ကုန်တိုင်းမှ မောင်ဟိန်းထူးဇော်၊ ကချင်ပြည်နယ်မှ မောင်အောင်ကြည်မိုး၊ ပဲခူးတိုင်းမှ မောင်နိုင်လင်းဝေ၊ ကရင်ပြည်နယ်မှ စိုင်းသိန်းမြင့်ထွန်း၊ မန္တလေးတိုင်းမှ မောင်ကျော်သူထွန်း၊ ရခိုင်ပြည်နယ်မှ မောင်ကြီးဖြူ၊ မကွေးတိုင်းမှ မောင်အောင်ကိုဝင်း၊ မန္တလေးတိုင်းမှ မောင်ဇာနည်ဝင်း၊ ရှမ်းပြည်နယ်မှ မောင်မင်းမင်းသန်းနှင့် မွန်ပြည်နယ်မှ မောင်ရန်မင်းအောင်တို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ပထမနေ့အဆိုပြိုင်ပွဲ အစီအစဉ်များကို မွန်းလွဲ ၂ နာရီ မိနစ် ၄၀တွင် ရပ်နားလိုက်သည်။

ယနေ့ကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားလက်ထောက် ညွှန်ကြားရေးမှူး(ဂီတ)ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး လက်ထောက်အင်ဂျင်နီယာ ဒေါ်မေပြုံးခိုင်နှင့် အဆိုအကဲဖြတ်လုပ်ငန်း အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် အဆင့်မြင့်ပညာအဆင့် (အမျိုးသား) မဟာဂီတ အဆိုပြိုင်ပွဲကို ကျင်းပမည်ဖြစ်ပြီး မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး) မဟာဂီတ အဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

### အကပြိုင်ပွဲ

ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ စတင်ကျင်းပရာအကအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်း၊ အတွင်းရေးမှူး ဒေါ်မူမူခင်နှင့် အကအကဲဖြတ်လုပ်ငန်း အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ ပညာရှင်အဆင့် (အမျိုးသမီး)အကပြိုင်ပွဲကိုကျင်းပရာ ရန်ကုန်တိုင်းမှ မအိရွှေစင်၊ ရန်ကုန်တိုင်းမှ ဒေါ်စောလှလှမိုး၊ ဧရာဝတီတိုင်းမှ ဒေါ်ကေသီခိုင်၊ မန္တလေးတိုင်းမှ ဒေါ်ထက်ထက်ထူးဝေ၊ ရခိုင်ပြည်နယ်မှ ဒေါ်စန်းနီလာဝင်း၊ မွန်ပြည်နယ်မှ ဒေါ်နွေးနွေးကဗျာ၊ မန္တလေးတိုင်းမှ ဒေါ်ဒေလီမြင့်၊ စစ်ကိုင်းတိုင်းမှ ဒေါ်ကံ့ကော်၊ မကွေးတိုင်းမှ မဇင်မာသိမ့်နှင့်ပဲခူးတိုင်းမှ ဒေါ်အေးအေးကြည်(ခ) ဂျစ်တူးမတို့ ပါဝင်ကပြ ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ်(အမျိုးသား) အက ပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက် ကျင်းပရာ ဧရာဝတီတိုင်းမှ မောင်ထက်အာကာလင်း၊ ရှမ်းပြည်နယ်မှ မောင်မျိုးကိုကို၊ ကချင်ပြည်နယ်မှ မောင်ပြည့်ဖြိုးအောင်၊ ကရင်ပြည်နယ်မှ မြိုင်ကြီးငူ စောထွန်းထွန်းလင်း၊ ကယားပြည်နယ်မှ မောင်သိန်းဌေးအောင်၊ ရန်ကုန်တိုင်းမှ မောင်မျိုးမြင့်အောင်၊ မန္တလေးတိုင်းမှ မောင်ချစ်သျှား၊ မွန်ပြည်နယ်မှ မောင်ဉာဏ်ဝင်း၊ မန္တလေးတိုင်းမှ မောင်သူရဇွဲနိုင်၊ ပဲခူးတိုင်းမှ မောင်အောင်ဟိန်းထွန်း၊ ရန်ကုန်တိုင်းမှ မောင်သန့်ဇင်ထွန်း၊ တနင်္သာရီတိုင်းမှ မောင်ဖြိုးကိုဦး၊ စစ်ကိုင်းတိုင်းမှ မောင်ကျော်ဝေဖြိုးနှင့် မကွေးတိုင်းမှ မောင်ချစ်သူဝင်းတို့ ပါဝင်ကပြ ယှဉ်ပြိုင်ကြသည်။



**အက**

**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အခြေခံ ပညာ အဆင့် အသက် (၁၀-၁၅) နှစ် အမျိုးသား အက ပြိုင်ပွဲတွင် စစ်ကိုင်း တိုင်း မှ မောင်ကျော်ဝေဖြိုး ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)**

### အရေးပြိုင်ပွဲ

ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ အရေးပြိုင်ပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ပန်တျာကျောင်း၌ စတင်ကျင်းပသည်။

အခြေခံပညာအဆင့် အသက် (၅-၁၀)နှစ် သီချင်းစာသားရေးတေးသွားထည့်ပြိုင်ပွဲတွင် **'ဒို့ကျောင်းတော်'** သီချင်းခေါင်းစဉ်ဖြင့် စစ်ကိုင်းတိုင်းမှ မသူရစန္ဒာဘို၊ တနင်္သာရီတိုင်းမှ မောင်ရှင်းပအောင်၊ ပဲခူးတိုင်းမှ မလဲ့ရည်ဝင်း၊ မန္တလေးတိုင်းမှ မရွှန်းလဲ့မေ၊ မန္တလေးတိုင်းမှ မခင်ဖိုလ်ဖိုလ်ဟန်၊ ရန်ကုန်တိုင်းမှ မောင်ဘုန်းလကျာနှင့် မခင်စန္ဒာမြင့်နှင့်ဧရာဝတီတိုင်းမှ မဇင်လေးမွန်တို့ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆင့်မြင့်ပညာအဆင့် သီချင်းစာသားရေးတေးသွားထည့်ပြိုင်ပွဲတွင် **'ယဉ်ကျေးလိမ္မာ မျိုးမြန်မာ'** သီချင်းခေါင်းစဉ်ဖြင့် မွန်ပြည်နယ်မှ မောင်နွေးထက်စိုး၊ ရခိုင်ပြည်နယ်မှ မခင်မိမိမိုး၊ စစ်ကိုင်းတိုင်းမှ မောင်ရာဇာဝင်း၊ မန္တလေးတိုင်း မှ မောင်ကောင်းမြတ်ကျော်၊ မန္တလေးတိုင်းမှ မခင်ချစ်စုမာ၊ ရန်ကုန်တိုင်းမှ မောင်ချစ်ကိုဝင်း၊ ရန်ကုန်တိုင်းမှ မခင်မြသက်နှင်းနှင့် ဧရာဝတီတိုင်းမှ မောင်လင်းထွဋ်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

သီချင်းစာသားရေးတေးသွားထည့် အရေးပြိုင်ပွဲကိုအရေးအမှတ်ပေး အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဘိုကလေး ဦးတင့်အောင်နှင့် အဖွဲ့ဝင်များက ကြပ်မတ်ဆောင်ရွက်ပေးကြသည်။



**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဝါသနာရှင်အဆင့် အမျိုးသမီး ပတ္တလား အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)**

အောက်တိုဘာ ၁၅ရက်တွင် အခြေခံပညာအဆင့်အသက် (၁၀-၁၅)နှစ်နှင့်ဝါသနာရှင်အဆင့် သီချင်းစာသားရေးတေးသွားထည့်အရေးပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

### အတီးပြိုင်ပွဲ

ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ဒိုးပတ်အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ စတင်ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာ အဆင့် အသက် (၅-၁၀)နှစ် ဒိုးပတ်ပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မောင်ဆုပါမင်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ဇွဲအာကာနှင့်အဖွဲ့နှင့် မောင်ဖေယျာဖြိုးမောင်နှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်ဇင်မျိုးထက်နှင့်အဖွဲ့၊မန္တလေးတိုင်းမှမောင်မင်းဟိန်းထက်နှင့် အဖွဲ့နှင့် စစ်ကိုင်းတိုင်းမှ မောင်ညီမ်းချမ်းမင်းနှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက်ပညာရှင်အဆင့် ဒိုးပတ်အတီးပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ မန္တလေးတိုင်းမှ ဦးအုန်းငွေနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ ဦးအောင်အောင်နှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ ဦးစိုးနိုင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးဇော်သက်နိုင်နှင့် အဖွဲ့နှင့် မန္တလေးတိုင်းမှ ဦးစိန်ကုလားနှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

*စာမျက်နှာ ၁၁ ကော်လံ ၂ သို့*

## ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲကြီးအား ဂုဏ်ပြုသည့်

### ထုတိသြဘာမင်္ဂလာကေပိုဒ်ရတု

"ပဥ္စဂုဏံ၊ အဟံဝန္ဒာမိ သဗ္ဗဒါ"

သာယာဝေစည်၊ မြန်ရွှေပြည်ဝယ်၊ အောင်စေချိုမြ၊ ငြိမ်းသုခနှင့် မြန်မာ့ဂီတ၊ ဒွါဒသမ၊ ဆိုအကနှင့်၊ ကြွယ်ဝကုံလုံ၊ ရေး၊တီး၊စုံသား၊ ဥဿုံပိုင်စွဲ၊ ရှုမြင်ရမည့်၊ မြန်မာ့ရိုးရာ၊ ယဉ်ကျေးစွာတည့်၊ လင်္ကာပတ်ပျိုး၊ ပုလဲကြိုးနှင့်၊ ယိုးဒယားသီချင်းခံ၊ ညှင်းလုံးသံနှင့်၊ မွန်ဟန်နွဲ့ပျောင်း၊ လွန်ငြိမ့်ညောင်းရှင့်၊ အပေါင်းသဘင်၊ စုံလင်ပေါင်းစု၊ ရွှင်ကြည်ကောင်းမှု၊ ပြည်ထောင်စုဝယ်၊ ထုတိသြဘာ၊ မင်္ဂလာနှင့်၊ ကမ္ဘာတစ်ဝန်း၊ အောင်စည်ရွှမ်းလျက်၊ မော်ကွန်းစိုက်ထူ၊ အောင်တိတ်ယူသား၊ ဇမ္ဗူတစ်လွှား၊ ပြိုင်စံရှားမည်၊ အမျိုးသားတေးသံ၊ ငြိမ့်ငြိမ့်ညံ၍၊ နိုင်ငံရင်နှစ်၊ မျိုးဆက်သစ်တို့ မျိုးချစ်မြန်မာ၊ ပီသစွာဖြင့်၊ ရိုးရာမွေနှစ်၊ မျိုးဇာစ်မြစ်ကို၊ ဖွင့်လှစ်လိုက်ပြီ၊ သွေးဖည်ဟန့်တား၊ တိုင်းခြားသရုပ်ပျက်၊ ထိုးနှက်ချက်ကို၊ တိုက်ဖျက်တွန်းလှန်၊ မြစ်မကျန်အောင်၊ မာန်ဟုန်ထန်ပြင်း၊ သွေးသားရင်းတို့၊ လက်ချင်းယှက်တွဲ၊ မျိုးမာန်ဇွဲနှင့်၊ အောင်ပွဲခံယူ၊ တံခွန်ထူရှင့်၊ ပြည်သူအားလုံး၊ ပေါင်းစုရုံးလျက်၊ ရွှင်ပြုံးကြည်သာ၊ အောင်သြဘာနှင့်၊ ဇေယျာအောင်ဟိတ်၊ အောင်နိမိတ်နှင့်၊ အောင်တိတ်ဆင်ကာ၊ ဂုဏ်ပြုပါသည်...

မြန်မာဇေယျာ ဝေဖြာဘုန်းမြင့် တင့်စေသော်။ ။

ထံတျာ၊ သီတာ၊ လင်္ကာကုံးဆင့်ပွင့်စေသော်။ ။

ကမ္ဘာ ကြေညာ သမ္မာနှုန်းမြင့်စွင့်စေသော်။ ။

**တက္ကသိုလ်နွယ်သဇင်**

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

# အန်ဘာပြည်နယ်၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ပစ်ခတ်တိုက်ခိုက်ခံရ၍သေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၁၁

**အီရတ်နိုင်ငံအနောက်ဘက်ရှိ အန်ဘာပြည်နယ်တွင် အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများက ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး စနေနေ့၌ သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက တနင်္ဂနွေနေ့တွင် ပြောကြားသည်။**

**တိုးမြင့်လာ**

အဆိုပါ အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးရမှုမှာ မည်ကဲ့သို့ သေဆုံးခဲ့ ရသည်ကို အသေးစိတ် မသိရသေးသော်လည်း တိုက်ခိုက်ခံရခြင်းကြောင့်ဖြစ်ကြောင်း၊ ၂၀၀၃ခုနှစ်မတ်လမှစတင်၍ အီရတ်ကို အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များ ကျူးကျော် ခဲ့ချိန်မှစပြီး အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုမှာ တစ်နေ့တခြားတိုးမြင့်လာလျက်ရှိကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အန်ဘာပြည်နယ်သည် အီရတ်နိုင်ငံအနောက်ဘက်တွင်ရှိပြီး အီရတ်နှင့် ဆီးရီးယား နယ်စပ်တွင်ရှိသော ပြည်နယ်တစ်ခုဖြစ်သည်။

**ခုခံမှုပြင်းထန်**

အန်ဘာပြည်နယ်သည် ဖော်လူဂျာနှင့် ရာမာဒီမြို့များကဲ့သို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များကို ခုခံတိုက်ခိုက်မှုပြင်းထန်သောနေရာဒေသတစ်ခုဖြစ်သည်။ **(အင်တာနက်)**

## အောက်တိုဘာ ၁၃ ရက်အထိ အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၀၈၁ ဦး ရှိသွားပြီ

ဘဂ္ဂဒက် အောက်တိုဘာ ၁၄

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်က စတင်ပြီး ဝင်ရောက် ကျူးကျော် တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များသည် ယနေ့ထိ အီရတ်နိုင်ငံ၌ သေဆုံး ဒဏ်ရာရလျက် ရှိကြသည်။**

အောက်တိုဘာ ၁၃ ရက် ဗုဒ္ဓဟူးနေ့၌ အမေရိကန် ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၀၈၁ ဦးရှိသွား ပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၈၂၅ ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၅၆ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခဲ့ကြသည်။ ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၇ ဦး၊ အီတလီ ၁၉ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ၁၃ ဦး၊ ယူကရိန်း ရှစ်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ နယ်သာလန် နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၉၄၃ ဦးဖြစ်ပြီး ယင်းအနက် ၇၁၆ ဦးမှာ တိုက်ပွဲ၌ သေဆုံး၍ ၂၂၇ ဦးမှာ အခြား အကြောင်းများကြောင့် သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

**(အင်တာနက်)**



## ဗြိတိသျှစားစာခံ ဘစ်ဂလီ အသတ်ခံရမှု ဖိအားပေးမှုနှင့် ဘလဲရင်ဆိုင်နေရ

**လန်ဒန် အောက်တိုဘာ ၁၁**

ဗြိတိသျှစားစာခံ ကင်းနက်ဘစ်ဂလီအီရတ်တွင် အသတ်ခံလိုက်ရသည့်ကိစ္စသည် ဝန်ကြီးချုပ် တိုနီဘလဲအတွက် အသစ်တစ်ဖန် ဖိအားပေးမှုနှင့် ရင်ဆိုင်နေရပြီး ဗြိတိန်နိုင်ငံရေးဆိုင်ရာများအပေါ် လွှမ်းမိုးနေသည့် အဖြစ်အပျက်တစ်ခုလည်း ဖြစ်သည်။

**အရေးနိမ့်**

အီရတ်စစ်ပွဲ ဆင်နွှဲရာတွင် ဘလဲ၏ အဓိက အကြောင်းပြချက်ဖြစ်သော တားမြစ်လက်နက်များကိစ္စသည်လည်း အီရတ်လေ့လာစုံစမ်းရေးအဖွဲ့ (အိုင်အက်စ်ဂျီ)မှ အစီရင်ခံစာ ထုတ်ပြန်ချက်တစ်ရပ်အရ အရေးနိမ့်ခဲ့ရပြီး ရက်မကြာမီ ဗြိတိသျှစားစာခံဘစ်ဂလီ သေဆုံးခဲ့ရခြင်းကလည်း ဗြိတိန် ရွေးကောက်ပွဲ မတိုင်မီ ခုနစ်လအလိုတွင် ဖြစ်ပေါ်လာသည့် အီရတ်ဆိုင်ရာ မငြင်းနိုင်သော ပြဿနာတစ်ရပ်ဖြစ်နေသည်။

**မပြုလုပ်**

ဗြိတိသျှစားစာခံ ဘစ်ဂလီမသေဆုံးမီက ဝန်ကြီးချုပ် တိုနီဘလဲထံ ဗီဒီယိုတိပ်ခွေတစ်ခု၌ ပြောကြားခဲ့ရာတွင် ကျွန်ုပ်ကို လွတ်မြောက်အောင် ကူညီရန် တစ်စုံတစ်ရာ လုပ်ဆောင်ပေးခြင်းကို သင်မပြုလုပ်ခဲ့ကြောင်း ပြောကြားခဲ့သည်ဟု အင်တာနက်ပေါ်တွင် တနင်္ဂနွေနေ့က ဖမ်းယူရရှိခဲ့သည်။

**လိုလား**

အသက် ၆၂နှစ်အရွယ်ရှိ အင်ဂျင်နီယာတစ်ဦးဖြစ်သူ စားစာခံ ဘစ်ဂလီ အသတ်ခံရပြီးနောက် ပထမဆုံးအကြိမ်ပြုလုပ်သည့် လူထုသဘောထား ကောက်ယူမှုတွင် ဝန်ကြီးချုပ် တိုနီဘလဲရာထူးမှ နုတ်ထွက်ရန် ဗြိတိသျှ ပြည်သူ ၃၆ ရာခိုင်နှုန်းက လိုလားနေကြောင်း သည်မေးသတင်းစာက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

**အမ်အင်အေ၊ရိုက်တာ**

## ဘဂ္ဂဒက်ရှိ ရုံးအဆောက်အအုံ ဒုံးကျည်တစ်လုံး ကျရောက်ပေါက်ကွဲ

ဘဂ္ဂဒက် အောက်တိုဘာ ၁၁

**အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် တနင်္ဂနွေနေ့က ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုနှင့် အသေခံကားဗုံးခွဲတိုက်ခိုက်မှုတို့ကြောင့် အနည်းဆုံး အီရတ်ပြည်သူလေးဦး သေဆုံးခဲ့ရကြောင်း သိရသည်။**

ဘဂ္ဂဒက်ရှိ ရေနံဝန်ကြီးရုံးအဆောက်အအုံ အနီး လမ်းတစ်လမ်းတွင် ဒုံးကျည်တစ်စင်းကျရောက်ပေါက်ကွဲမှုကြောင့် လူလေးဦး သေဆုံးခဲ့ရကြောင်း၊ ထို့အပြင် မော်တော်ယာဉ်နှစ်စီးလည်း ပျက်စီးပြီး လမ်းပေါ်တွင် ကြီးမားသော ကျင်းချိုင့်ကြီး ဖြစ်ခဲ့ရကြောင်း ရိုက်တာသတင်းထောက်က ပြောကြားသည်။

**ဖြစ်ပွား**

တစ်ဖန် ဘဂ္ဂဒက်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အဆောက်အအုံအနီး အသေခံကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာန အရာရှိတစ်ဦးက ပြောကြားသည်။ အသေခံ ကားဗုံးခွဲတိုက်ခိုက်သည့် ကားအတွင်း သေဆုံးသူတစ်ဦး၏ ရုပ်အလောင်းကိုတွေ့ရှိရပြီး အခြားအီရတ်ပြည်သူ နှစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါ သတင်းထောက်က ပြောကြားသည်။

**ပြုလုပ်**

အီရတ်ပြောက်ကျားများနှင့် အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများသည် အမေရိကန်တို့ ကျောထောက်နောက်ခံပြုပေးထားသော အီရတ်အစိုးရ၏ တပ်ဖွဲ့ဝင်များ၊ အဆောက်အအုံများအား ဗုံးများဖောက်ခွဲတိုက်ခိုက်ခြင်း၊ စိန်ပြောင်းများနှင့် ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကို မကြာခဏ ပြုလုပ်လျက်ရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

**မီးလောင်ပျက်စီး**

**မိုဆူးလ်မြို့တွင် ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် မော်တော်ယာဉ်တစ်စီး မီးလောင်နေသည်ကို အောက်တိုဘာ ၁၁ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)



**စောင့်ကြပ်**

**ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် စစ်ယာဉ်များဖြင့် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၁၁ရက်ကတွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## အများကို ဝန်မခံရဲသည့် ဘုရှ်၏အရည်အချင်းအပေါ် ယုံမှားသံသယဖြစ်မိကြောင်း ကယ်ရီပြောကြား

အီလီနွိုင်း(အိုင်ဟိုင်းယို) အောက်တိုဘာ ၁၁

**စိန်ခေါ်သူ ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီနှင့် လက်ရှိသမ္မတ ဂျော့ဒဗလျူဘုရှ်တို့သည် အီရတ်ကိစ္စ၊ အလုပ်အကိုင်ကိစ္စနှင့် အခွန်ငွေကိစ္စတို့ကို သောကြာနေ့က ဒုတိယအကြိမ်ပြုလုပ်သည့် စကားအချေအတင်စစ်ထိုးပွဲတွင် မိနစ် ၉၀ကြာမျှ မျက်နှာချင်းဆိုင်ကာ အပြိုင်အဆိုင် ပြောကြားခဲ့ကြသည်။**

**သံသယဖြစ်**

**ဂျွန်ကယ်ရီက အများကိုဝန်မခံရဲသည့် သမ္မတ၏ အရည်အချင်းအပေါ် မိမိယုံမှား သံသယဖြစ်မိကြောင်းလည်း စနေနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့သည့် လူထုမဲဆွယ်တရားဟောပွဲတွင် မက်ဆက်ချူးဆက် အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီက ပြောဆိုခဲ့သည်။**

**အမှန်တရားကို ရင်မဆိုင်ရဲသော၊ အများကိုဝန်မခံရဲသော ခေါင်းဆောင်ကို အလိုရှိသလော၊ အမှန်တရားကို ကြည့်မြင်တတ်ပြီး အမေရိကန်ပြည်သူများကို အမှန်ပြောတတ်သောခေါင်းဆောင်ကို အလိုရှိသလောဟု ဂျွန်ကယ်ရီက သူ့အားထောက်ခံသည့် ထောင့်ပေါင်းများစွာသော လူထုကြီးကို မေးခွန်းထုတ်ခဲ့သည်။ ထိုသို့ သောကြာနေ့၌ စကားစစ်ထိုးခဲ့ကြပြီးနောက် ဂျွန်ကယ်ရီသည် ၎င်းအားထောက်ခံသော လူထုကြီးအား အီလီနွိုင်းရှိလိုရိန်း ကောလိပ်အားကစားကွင်း၌ စနေနေ့က မိန့်ခွန်းခြွေရာတွင် ဒုတိယအကြိမ် အချေအတင်စကား စစ်ထိုးပွဲ၌ သမ္မတဂျော့ဒဗလျူဘုရှ်အပေါ် သူအနိုင်ရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။** အမ်အင်အေ၊ ရိုက်တာ

# မူးယစ်ပဲ့ မြန်မာခရီး

(က)

**မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းဟာ ကမ္ဘာသူ ကမ္ဘာသားအားလုံးနဲ့ သက်ဆိုင်တဲ့လုပ်ငန်းဖြစ်လို့ ကြီးမားကျယ်ပြန့်ပြီး ခက်ခဲနက်နဲတဲ့လုပ်ငန်းလဲ ဖြစ်တယ်။ ဒီလုပ်ငန်းမှာ စေတနာသန့်သန့်နဲ့ ပါဝင်ကူညီကြမယ်ဆိုရင် တို့အနေနဲ့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလက်ခံမယ်။ အကယ်၍ မကူညီချင်ဘူး ဆိုရင်လဲ တို့အနေနဲ့ကတော့ ကမ္ဘာ့လူသားများကို ခြိမ်းခြောက်အန္တရာယ်ပြုနေတဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကို အစွမ်းရှိသမျှ မဖြစ်ဖြစ်အောင် လုပ်သွားမှာပဲဖြစ်တယ်။**

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၁)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်း
၂၇-၃-၉၆။

(ခ)

တပ်မတော်သည် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို မတိမ်းသာ မရှောင်သာ တာဝန်ယူလိုက်ရသည့် ၁၉၈၈ခုနှစ် စက်တင်ဘာ ၁၈ ရက်မှ စ၍ ရေတွက်လျှင် တစ်နှစ်အတွင်း အထူးအရေးကြီးသည့် အဖွဲ့ကြီး နှစ်ဖွဲ့ကို ဖွဲ့စည်းကာ ဆောင်ရွက်ဖွယ်အရပ်ရပ်တို့ကို တရစပ်မနေမနား ကြိုးစားဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရ၏။

(၁) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး (ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ)အဖွဲ့၊

(၂) မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့။

ထိုအဖွဲ့ နှစ်ဖွဲ့ကို မရေးမနှောင်း ဖွဲ့စည်းလိုက်ခြင်းက နိုင်ငံတော်အစိုးရ အနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို အောင်မြင်စွာ တားဆီးကာကွယ်နိုင်ဖို့အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ တစ်ဆက်တစ်စပ်တည်း အကောင်အထည်ဖော်ရန်ဟူသော အမြင်မှန်ရှိထားကြောင်း လှေ့လာသုံးသပ်ရ၏။

ထိုအဖွဲ့နှစ်ဖွဲ့ကို ဖွဲ့စည်းကာ ဟန်ချက်ညီညီ မနားတမ်းကြိုးပမ်းလုပ်ရှားခဲ့ခြင်း၏ ကောင်းကျိုးရလဒ်များအဖြစ် ၃၁-၃-၈၉ ရက်စွဲ၌ ရှမ်း(မြောက်)အထူးဒေသ(၁) ကိုးကန့်အဖွဲ့၊ ၉-၅-၈၉ရက်စွဲ၌ ရှမ်း(မြောက်)အထူးဒေသ(၂) 'ဝ'အဖွဲ့၊ ၂၄-၉-၈၉ရက်စွဲ၌ ရှမ်း(မြောက်)အထူးဒေသ(၃) SSA အဖွဲ့၊ ၃၀-၆-၈၉ရက်စွဲ၌ ရှမ်း(အရှေ့) အထူးဒေသ(၄) ရှမ်း/အခါအဖွဲ့တို့သည် နိုင်ငံတော် အစိုးရ၏ စေတနာမှန်ကို သိမြင်လာကာ ငြိမ်းချမ်းရေးရယူကြပြီး နိုင်ငံတော်၏ ဦးဆောင်မှုအောက်မှာ တစည်းတလုံးတည်း ဒေသအကျိုး ဆောင်ရွက်လာကြသဖြင့် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ မူးယစ်ဆေးဝါး အန္တရာယ် ပူးပေါင်းကာကွယ်မှုများ ဖြစ်ထွန်းလာခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ကိုယ်တိုင်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော လုပ်ငန်းကော်မတီအပြင် ဒေသဆိုင်ရာ အာဏာပိုင်များ ဦးဆောင်သည့် ဒေသကော်မတီများ၊ ဒုတိယဝန်ကြီးများ ဦးဆောင်သည့် လုပ်ငန်းဆပ်ကော်မတီများက တစ်နိုင်ငံလုံးဖြန့်ကြက်လျက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လာနိုင်ခြင်းတို့ကြောင့် ငြိမ်းချမ်းရေးအဖွဲ့(၁၇)ဖွဲ့အထိ ပေါ်ပေါက်လာခြင်း၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းလာခြင်း၊ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ တိုင်းရင်းသားတို့၏ လူနေမှုအဆင့်အတန်း မြင့်မားလာခြင်းတို့နှင့်အတူ မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများပါ တိုးတက်ဖြစ်ထွန်းလာသည်ကို တွေ့မြင်ရသည်။

သို့ဖြင့် ၁၉၉၈ခုနှစ် အောက်တိုဘာ ၁၇ရက်တွင် ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၃၅/၉၈)တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက-

**"ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပပျောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုထိရောက်အောင်မြင်မှုများ ရရှိစေရေးအတွက် ၁၅ နှစ် စီမံကိန်းဖြင့် ၁၉၉၉-၂၀၀၀ ခုနှစ်မှစတင် အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာရန်"**

လမ်းညွှန်မှာကြားချက်နှင့်အညီ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က မူးယစ်ဆေးဝါး ပပျောက်ရေး ၁၅ နှစ် စီမံကိန်းကို ရေးဆွဲကာ တက်ကြွစွာ အကောင်အထည်ဖော်လာနိုင်သောအနေအထား ရောက်ရှိလာလေပြီ။

သည်ကာလများအတွင်း နိုင်ငံတော်အစိုးရက မူးယစ်ဆေးဝါးပပျောက်ရေး အမြင်နှင့်ယှဉ်တွဲကာ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း ချမှတ်ခဲ့ရာ ယင်းလုပ်ငန်းများအတွက် နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံသုံးစွဲခဲ့သည့် ဘဏ္ဍာငွေများမှာ ယနေ့အထိ ငွေကျပ် သန်း ၅၈၃၀၀ကျော်နှင့် အမေရိကန်ဒေါ်လာ သန်းပေါင်း ၅၅၀ကျော် ဖြစ်လေ၏။

လမ်းတံတားလုပ်ငန်းအတွက် ဘဏ္ဍာငွေကျပ်သန်း ၃၂၁၇၈သန်းကျော်၊ ပညာရေးကဏ္ဍအတွက် ဘဏ္ဍာငွေကျပ် သန်း ၃၄၉၅သန်းကျော်၊ ကျန်းမာရေးကဏ္ဍအတွက် ဘဏ္ဍာငွေကျပ်သန်း ၁၄၉၃သန်းကျော်၊ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းအတွက် ဘဏ္ဍာငွေ ၁၅၂၉သန်းကျော် ကျခံသုံးစွဲခဲ့ပြီးဖြစ်သလို စွမ်းအင်ကဏ္ဍ၊ သတ္တုကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ စသည့်ကဏ္ဍစုံ အဟုန်မြင့်မိုး ဖွံ့ဖြိုးတိုးတက်လာလျက်ရှိနေလေပြီ။ ယင်းနှင့်အတူ မူးယစ်ဆေးဝါး ပပျောက်ရေးသည်လည်း အဟုန်မြင့် ဖြစ်ထွန်းလာနေလေပြီ။

(ဂ)

**"ပြည်ထောင်စု မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်း တစ်ခုတည်းသက်သက် ခွဲခြားဆောင်ရွက်၍မရနိုင်ဘဲ နယ်စပ်ဒေသနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် တစ်ဆက်တစ်စပ်တည်း ယှဉ်တွဲဆောင်ရွက်ရမည့် အခြေအနေရှိနေကြောင်း။**

**"မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများကို ခေတ်အဆက်ဆက် တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြကြောင်း၊ သို့ရာတွင် ၁၉၈၈ခုနှစ် မိမိတို့အစိုးရ နိုင်ငံတော်၏ တာဝန်မယူခင်ကာလက မူးယစ်ဆေးဝါး ပပျောက်မှု လုပ်ငန်းများနှင့်နှိုင်းစာလျှင် မိမိတို့အစိုးရ၏ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများသည် ပိုမို၍ ထူးထူးခြားခြား တိုးတက်ဖြစ်ထွန်း အောင်မြင်နေသည်ကို တွေ့နိုင်ကြောင်း။**

**"ယခင်ခေတ်ကာလက ဘိန်းစိုက်ပျိုးထုတ်လုပ်ရာ နယ်စပ်ဒေသများမှာ တည်ငြိမ်အေးချမ်းမှု မရှိခဲ့သဖြင့် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများကို နှံ့နှံ့စပ်စပ် ထိထိရောက်ရောက် မဆောင်ရွက်နိုင်ခဲ့သော်လဲ မိမိတို့အစိုးရ ခေတ်ကာလတွင် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းပြီး နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများ၏ ပူးပေါင်းပါဝင်မှု ရရှိဖြစ်ထွန်းလာသဖြင့် မိမိတို့၏ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများမှာ များစွာကျယ်ပြန့် နက်ရှိုင်းထိရောက်မှုရှိလာပြီး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေခြင်းပင် ဖြစ်ကြောင်း။"**

၂၄-၉-၂၀၀၄ ညနေ ၃နာရီတွင် ရန်ကုန်မြို့ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် အုပ်ချုပ်မှုခန်းမ၌ ကျင်းပသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အထူးအစည်းအဝေး(၂/၂၀၀၄)မှာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ပြောကြားသော အဖွင့်အမှာစကား ကောက်နုတ်ချက်ဖြစ်သည်။ ယင်းအစည်းအဝေးသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊

**ရတနာစည်ဆရာတော် (လှိုင်လင်)**

တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်များ၊ တပ်မတော်အရာရှိကြီးများ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအသင်းတို့မှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ စုံညီတက်ရောက်ကြ၏။

နိုင်ငံတော် ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင်-

**"ယခုကဲ့သို့ လုပ်ငန်းများအောင်မြင်နေခြင်းမှာ မူးယစ်ဆေးဝါး စိုက်ပျိုးမှုကို တားမြစ်ဖျက်ဆီးရုံသက်သက်မျှဖြင့် မအောင်မြင်နိုင်ဘဲ ဘိန်းစိုက်တောင်သူများ၏ စားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများ တိုးတက်**

ယင်းသို့ တစ်ဖက်၌ အောင်မြင်မှုများ ရရှိနေသလို အခြားတစ်ဖက်၌ကား မြန်မာနိုင်ငံကို မူးယစ်ဆေးဝါး၏ အိမ်ရှင်နိုင်ငံအဖြစ် ကိုလိုနီနယ်ချဲ့လက်သစ်များက လက်ညှိုးထိုးစွပ်စွဲလျက် ရှိနေပုံကိုပါ ထည့်သွင်းပြောကြားလေ၏။

ဤတွင် ၂၁-၉-၂၀၀၄ ရက်နေ့တုန်းကကျင်းပခဲ့သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အစည်းအဝေး (၂/၂၀၀၄)၌ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ပြောကြားသောအချက်အလက်များနှင့် နှိုင်းယှဉ်ကြည့်အပ်သည်ထင်၏။ ထိုအစည်းအဝေးသို့ ဗဟိုအဖွဲ့ဝင်များဖြစ်ကြသော ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြ၏။ ထိုအစည်းအဝေး၌ မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီး၏ ပြောကြားချက်များထဲမှ နှိုင်းယှဉ်ကြည့်ဖို့ ကောက်နုတ်ချက်မှာ ဤသို့ဖြစ်ပါ၏။

**"မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ဆောင်ရွက်ချက်များကိုကုလသမဂ္ဂအနေဖြင့်အသိအမှတ်ပြုသော်လည်း အမေရိကန်နိုင်ငံအနေဖြင့် အသိအမှတ်မပြုရုံသာမက တာဝန်မဲ့စွာ လက်ညှိုးထိုးအပြစ်တင်စွပ်စွဲနေသည်ကိုတွေ့ရကြောင်း၊ အဘယ်ကြောင့်ဆိုသော် ကမ္ဘာတွင် အကြီးမားဆုံး မူးယစ်ဆေးဝါးမျိုးစုံ၏ ဈေးကွက်ဖြစ်နေသည့် အမေရိကန်နိုင်ငံအနေဖြင့် ယင်းတို့၏ မူးယစ်ဆေးဝါးသုံးစွဲသူ ထူပြောသည့်နိုင်ငံအဖြစ်ကို ဖုံးကွယ်ရှောင်လွှဲလိုသည့်အတွက် အခြားနိုင်ငံများအနေဖြင့် မူးယစ်ဆေးဝါး ပပျောက်ရေးကို ထိရောက်စွာ မဆောင်ရွက်ကြောင်းဖြင့် အသံကောင်းဟစ်စွပ်စွဲနေခြင်းသာ ဖြစ်ကြောင်း။**

**"မြန်မာနိုင်ငံအနေဖြင့် Anti Money Laundering Law နှင့် Mutual Legal Assistance Law များကို ပြဋ္ဌာန်းပြီး ထိရောက်စွာ အကောင်အထည်ဖော်နေသည့်အပြင် အစားထိုးစိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး၊ အစားထိုးဝင်ငွေ ရရှိရေးများကို အလေးထားဆောင်ရွက်ပေးသည့်ပြင် ပြစ်မှုကျူးလွန်သူများအားလည်း ထိရောက်စွာ အရေးယူအပြစ်ပေးလျက်ရှိကြောင်း၊ ဒေါ်လာသန်း ထောင်ပေါင်းများစွာ ရှိသည့် မူးယစ်ဆေးဝါးများကိုလည်း ဖမ်းဆီးဖျက်ဆီးလျက် ရှိနေပါကြောင်း။**

**"ယင်းအောင်မြင်မှုများကို မသိကျိုးကျွန်ပြု၍ မြန်မာတားဆီးနှိမ်နင်းရေး အရာရှိများအား တားဆီးနှိမ်နင်းရေးသင်တန်းများ မတက်ရန်နှင့် စီးပွားရေး ပိတ်ဆို့မှုများဆောင်ရွက်ခဲ့ခြင်းကြောင့် စီးပွားရေးအခက်အခဲဖြစ်ရပြီး မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆောင်ရွက်ရာတွင် အဟန့်အတားဖြစ်စေခဲ့ကြောင်း။**

**"ထို့ကြောင့် ကမ္ဘာ့ပြည်သူများ၏ လိုလားချက်နှင့်အညီ အမေရိကန်နိုင်ငံအနေဖြင့် သုံးစွဲမှုလျှော့ချရေးအလေးထားရန်နှင့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေးကြိုးပမ်းမှုများကို မထိခိုက်စေရန် စေတနာအရင်းခံထား ပူးပေါင်းဆောင်ရွက်သင့်ကြောင်းဖြင့် တိုက်တွန်းပြောကြားလိုကြောင်း။"**

မူးယစ်ဗဟိုအစည်းအဝေး (၂/၂၀၀၄) ၌ မူးယစ်ဗဟိုဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၏ ပြောကြားချက်သည် ထိုအင်အားကြီးနိုင်ငံ၏ မြန်မာနိုင်ငံအပေါ် အဆိုးမြင်ဝါဒရှိနေခြင်းကို ထင်ဟပ်သကဲ့သို့ မူးယစ်ဗဟို အထူးအစည်းအဝေး(၂/၂၀၀၄)၌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ မိန့်ခွန်းပါ ယခုကောက်နုတ်ချက်ကလည်း ကိုလိုနီနယ်ချဲ့ လက်သစ်ဝါဒီတို့၏ အလိုဆိုးကို ထင်းထင်းထင်ပြဆိုသလို မြန်မာ့အားမာန်ကိုလည်း ဖော်ညွှန်းထားလေ၏။

**"အမှန်အားဖြင့် မူးယစ်ဆေးဝါးသည် မိမိတို့ မြန်မာနိုင်ငံ၌ စတင်ပေါ် ပေါက်ခဲ့သည့် ဒေသပေါက်ပစ္စည်းမဟုတ်ဘဲ ကိုလိုနီနယ်ချဲ့တို့ တိုင်းတစ်ပါးမှ တင်သွင်းလာသောကြောင့် မြန်မာနိုင်ငံက ဧည့်သည်အဖြစ်**

**နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ယှဉ်တွဲပြီး မူးယစ်ဆေးဝါးပပျောက်ရေး ပင်မ (၁၅)နှစ်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် ပန်းတိုင်သစ်စီမံကိန်းကိုပါ အားဖြည့်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အတွက် ယခုအခါတွင် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းမှာ အရှိန်အဟုန်ဖြင့် အကောင်အထည်ပေါ် ဖြစ်ထွန်းနေပြီဖြစ်။**

**မြင့်မားရေးအတွက်ကိုပါ ဖန်တီးဖော်ဆောင်ပေးရန် လိုအပ်သည်ဆိုသော သဘောထားဖြင့် ဘက်စုံ၊ ကဏ္ဍစုံ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်းကြောင့် ဖြစ်ကြောင်း"** ဖြင့် မီးမောင်းထိုးညွှန်ပြ၏။ **"အောင်မြင်မှုပြယုဂ်အဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားဒေသကိုမူးယစ်ဆေးဝါး ပပျောက်သည့် နယ်မြေဟူ၍ နိုင်ငံတကာသို့ ကြေညာနိုင်ခဲ့သလို ကိုးကန့်ဒေသနှင့် 'ဝ'ဒေသတို့ ကလည်း ၂၀၀၅ ခုနှစ်တွင် မူးယစ်ဆေးဝါး ပပျောက်ရေးရည်မှန်းကာ ကြိုးပမ်းနေကြပြီဖြစ်ကြောင်း"** ထည့်သွင်းပြောကြား၏။ ထို့ပြင် **"အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်နေသော တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းမြို့များကို မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု ကင်းမဲ့နယ်မြေများဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း"** ပြောကြားလေ၏။

**"ယင်းသို့သော ကြိုးပမ်းဆောင်ရွက်ချက်များကို နိုင်ငံတကာက သိမြင်လာကြသည့်အလျောက် ယခုအခါ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) နှင့် နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများကပါ ပါဝင်ကူညီ ပံ့ပိုးဆောင်ရွက်လာသည်များ ရှိလာပြီဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး ပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးတို့အတွက် အိမ်နီးနားချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပါ လိုအပ်သလို စာချုပ်များချုပ်ဆိုကာ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း"** ထည့်သွင်းပြောကြားရင်း **"မြန်မာနိုင်ငံအနေဖြင့် ဤသို့ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် မူးယစ်ဆေးဝါးပပျောက်ရေး ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမှာ ဖြစ်သကဲ့သို့ မူးယစ်ဆေးဝါး ပပျောက်ရေးနှင့် ပတ်သက်၍ အမြင်ချင်းတူညီသော၊ သဘောထားခံယူချက်ချင်း တူညီသော မည်သည့် ကမ္ဘာ့နိုင်ငံများနှင့်မဆို လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်သာဖြစ်ကြောင်း"** ပြောကြားလေ၏။

**လက်ခံခဲ့ရသည့် ပစ္စည်းသာဖြစ်ပြီး တဖြည်းဖြည်းဖြင့် ဧည့်သည်က အိမ်ရှင်ဖြစ်လာခဲ့သည့် သဘောဖြစ်ကြောင်း။**

**"သို့ရာတွင် ယနေ့အချိန်အခါ၌ ကိုလိုနီနယ်ချဲ့လက်သစ်များက သမိုင်းကြောင်းကို လျစ်လျူရှုပြီး မြန်မာနိုင်ငံအပေါ် မူးယစ်ဆေးဝါး အိမ်ရှင်အဖြစ် လက်ညှိုးထိုး စွပ်စွဲလျက်ရှိကြောင်း။**

**"မြန်မာနိုင်ငံ သူ့ကျွန်ဘဝရောက်စဉ်က ကိုလိုနီနယ်ချဲ့များသည် နယ်စပ် ဒေသများရှိ အသိအမြင်နည်းပါးသော တိုင်းရင်းသားလူမျိုးများအား မူးယစ်ဆေးဝါးသံသရာ၌ ရေစုန်မျောအောင် ဖန်တီးခဲ့ကြသဖြင့် နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုများမှာ နှစ်ပေါင်းရှည်ကြာစွာ အမြစ်တွယ် ရှင်သန်လာခဲ့ခြင်း ဖြစ်ကြောင်း။**

**"ယင်းသို့ နှစ်ပေါင်းရှည်ကြာစွာ အမြစ်တွယ်ရှင်သန်လာခဲ့သော မူးယစ်ဆေးဝါး ဆိုးမွေများကို နေ့ချင်းညချင်းပပျောက်အောင် ဆောင်ရွက်ရသည့် လုပ်ငန်းမှာ အလွန်ခက်ခဲသည့် လုပ်ငန်းဖြစ်ကြောင်း။**

**"သို့သော်ငြားလဲ မြန်မာနိုင်ငံအနေဖြင့် မြန်မာ့မြေပေါ်မှ မူးယစ်ဆေးဝါး ဆိုးမွေများ ကင်းစင်ပပျောက်သွားစေရေး ရည်မှန်းလျက် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။**

**"နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့်ယှဉ်တွဲပြီး မူးယစ်ဆေးဝါးပပျောက်ရေး ပင်မ (၁၅) နှစ် စီမံကိန်းကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် ပန်းတိုင်သစ်စီမံကိန်းကိုပါ အားဖြည့်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အတွက် ယခုအခါတွင် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းမှာ အရှိန်အဟုန်ဖြင့် အကောင်အထည်ပေါ် ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။"**

စာမျက်နှာ ၆ ကော်လံ ၁ သို့




**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အောက်တိုဘာ ၁၂ရက်က မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌထံ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့် လှူဒါန်းသည့် ကွန်ပျူတာ သုံးစုံကို ငွေဆောင်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် အသုံးပြုရန် ကျောင်းအုပ်ဆရာကြီး ဦးသန်းချစ်အား လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)**

**စာမျက်နှာ ၅ ဆောင်းပါးမှအဆက်**

ဖော်ပြပါ ကောက်နုတ်ချက်များ အပါအဝင် နိုင်ငံတော်ဝန်ကြီးချုပ်၏ အဖွင့်မိန့်ခွန်းအပြီးတွင် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အကောင်အထည်ပေါ် ဖြစ်ထွန်းလာအောင် ဆောင်ရွက်ခဲ့ပုံများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် စပ်လျဉ်း၍ မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးက အကျယ်တဝင့် ရှင်းလင်းတင်ပြ၏။

ထို့မှတစ်ပါး ဒုတိယဥက္ကဋ္ဌ နယ်စပ်စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဒုတိယဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်းနှင့် အခြားသက်ဆိုင်ရာဝန်ကြီးများက မိမိတို့ဝန်ကြီးဌာနအလိုက် ပါဝင်ပူးပေါင်းဆောင်ရွက်မှုများကို အသီးသီး တင်ပြကြ၏။ ယင်းတို့သည် မူးယစ်မဲ့မြန်မာခရီး၏ ခြေလှမ်းများဖြစ်ပါကုန်၏။

**(ဃ)**

ဤအရှင်တို့ သီတင်းသုံးရာ ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်ကိုယ်တိုင် ဦးဆောင်ကာ ဒေသတွင်းဘိန်းပပျောက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၄-၆-၂၀၀၄ ရက်စွဲ၌ ဖယ်ခုံမြို့နယ်ရှိ ဘိန်းမစိုက် တောင်သူများအား အစားထိုးဝင်ငွေရရှိစေရန် စပါး၊ ဂျုံ၊ အစေ့ထုတ်ပြောင်း၊ ပန်းနှမ်းနှင့်နေကြာမျိုးစေ့များ အခမဲ့ဖြန့်ဝေပေးခြင်း၊ ဆန်အိတ် ၁၅၇၀ နှင့် ဆားအိတ် ၇၇ အိတ်အပါအဝင် တန်ဖိုးအားဖြင့် ကျပ်ငွေ ၁၉၆၀၀၀၀ ကို တတိယအကြိမ်အဖြစ် ထောက်ပံ့ပေးခြင်းတို့ကို မူးယစ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ လယ်/ဆည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်နှင့်အတူ ဆောင်ရွက်ပေးခဲ့သည်မှာ မူးယစ်မဲ့ မြန်မာခရီး၏ ခြေတစ်လှမ်းပင်ဖြစ်ပါ၏။

**(င)**

ဘိန်းသည် မြန်မာပြည်ပေါက်မဟုတ်ခြင်း၊ နယ်ချဲ့လက်အောက်ကျွန်သပေါက် ပြားမှောက်ခဲ့ရသည့် နှစ်တစ်ရာအတွင်း နယ်ချဲ့တို့ကပင် တိုင်းတစ်ပါးမှ တင်သွင်းလာကာ အသိအမြင်နည်းပါးသည့် တိုင်းရင်းသားလူမျိုးများအား မူးယစ်ဆေးဝါးသံသရာ၌ ရေစုန်မျောအောင် ဖန်တီးခဲ့ကြခြင်း၊ လွတ်လပ်ရေးခေတ် နှစ် ၄၀ ၌ အစိုးရအဆက်ဆက် ဘိန်းသံသရာပြတ်အောင် ကြိုးပမ်းခဲ့ကြသော်လည်း ထင်သလောက်ခရီးမပေါက်ခဲ့ခြင်း၊ ယနေ့ နိုင်ငံတော်အစိုးရလက်ထက်၌ သော်မူ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့်ယှဉ်တွဲကာ ဘိန်းသံသရာဖြတ်ခဲ့ရာ ပြတ်လုလု အနေအထားကောင်းသို့ ရောက်ရှိလာနေခြင်း၊ သည်အနေအထားကောင်းကို ကိုလိုနီနယ်ချဲ့လက်သစ်တို့က ပျက်လိုပျက်စီး ဖျက်ဆီးနှောင့်ယှက်လာနေခြင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ၁၅ နှစ် စီမံကိန်းဖြင့် မူးယစ်မဲ့မြန်မာခရီးကို မည်သူနှောင့်ယှက်နှောင့်ယှက် မပျက်တမ်းလှမ်းနေခြင်းများကား မူးယစ်ပစ္စက္ခဖြစ်စဉ်များ ဖြစ်လေတော့၏။

ဤမျှဖြင့် မူးယစ်ဗဟို အထူးအစည်းအဝေး(၂/၂၀၀၄)၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြောကြားသော အမှာစကားတစ်ရပ်ကို ထုတ်နုတ်မှတ်တမ်းတင်လျက် ဤဆောင်းပါးကို တန့်နားပါမည်။ မြန်မာနိုင်ငံသည် မူးယစ်မဲ့ မြန်မာခရီးကို အပြီးတိုင်လျှောက်လှမ်းရင်း အောင်ပန်းကို အရယူမည်သာဖြစ်ကြောင်း သုံးသပ်ပါသတည်း။

**"မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းသည် ကမ္ဘာ့လူသားများအားလုံးနှင့် သက်ဆိုင်သဖြင့် ကမ္ဘာ့နိုင်ငံများအားလုံး လက်တွဲပူးပေါင်းဝိုင်းဝန်းဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည်ဟု မြန်မာနိုင်ငံအနေဖြင့် ခံယူထားကြောင်း။**

**"တစ်ဖက်တွင်လဲ မည်သူ၏ ကူညီပံ့ပိုးမှု၊ ပူးပေါင်းဆောင်ရွက်မှု ရရှိသည် ဖြစ်စေ၊ မရရှိသည်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးဆိုးမွေကြီးကို မြန်မာ့မြေပေါ်မှ အပြီးတိုင် ပပျောက်စေရေးအတွက် မိမိတို့၏ အစီအစဉ်အတိုင်း ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်သာဖြစ်ကြောင်း"။ ။**

**✻ ကျောဖုံးမှ**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် အောက်တိုဘာ ၁၂ရက်နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှ ထွက်ခွာခဲ့ရာ နံနက်ဂနာရီခွဲတွင် ပုသိမ်မြို့နယ် ငွေဆောင်ကမ်းခြေသို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တိုင်းဦးစီး ဗိုလ်မှူးကြီး ဗိုလ်မှူးကြီးတင့်ဆွေ၊ ပုသိမ်ခရိုင်နှင့်ငွေဆောင်မြို့တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားဟိုတယ်လုပ်ငန်းရှင်များကကြိုဆိုကြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ငွေဆောင်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြရာ ကျောင်းသား ကျောင်းသူလေးများက 'မြန်မာ့ကျောင်း' သီချင်းကို သီဆို၍ကြိုဆိုကြသည်။

## ဖြည့်စွက်တင်ပြ

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား ကျောင်းခန်းမ၌ငွေဆောင်မြို့ အခြေခံ



**ပေးအပ်လှူဒါန်း**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း အောက်တိုဘာ ၁၂ရက်က ထူးဒရေးဒင်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးတေဇလှူဒါန်းသော ငွေဆောင်မြို့ အခြေခံပညာအထက်တန်းကျောင်း သင်ထောက်ကူစာသင်ခန်းများတွင် အသုံးပြုရန်အတွက် အလှူငွေကျပ် သိန်း ၅၀ကို လက်ခံစဉ်။**

**(သတင်းစဉ်)**

ပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးဦးသန်းချစ်က ကျောင်း၏ သမိုင်းကြောင်း၊ ၂၀၀၄-၂၀၀၅ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ယူနေမှုနှင့် ဆရာဆရာမဝန်ထမ်းအင်အား အခြေအနေ၊ တက္ကသိုလ်ဝင်တန်း၌ နှစ်စဉ်အောင်ချက် ရာခိုင်နှုန်းနှင့် ကျောင်း၏ ပညာရေးအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

## သင်ကြားလေ့ကျင့်

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ငွေဆောင်ကမ်းခြေ ငွေဆောင်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအားတွေ့ဆုံကာ ပညာရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းသား ကျောင်းသူများ၏ ပညာအရည်အသွေး တိုးတက်မြင့်မားရေးအတွက် ဆရာ ဆရာမများက စေတနာထား၊ ဝီရိယထား သင်ကြားလေ့ကျင့်ပေးရန်မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ငွေဆောင်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက်သင်ကြားမှု သင်ယူမှုအထောက်အကူပြုပစ္စည်းများဖြစ်သည့် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ ရုပ်မြင်သံကြားဖမ်းစက်နှင့် ဗွီစီဒီစက်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ထူးထရေးဒင်း ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးတေဇက သင်ထောက်ကူစာသင်ခန်းများတွင် အသုံးပြုရန်အတွက် အလှူငွေကျပ်သိန်း ၅၀ကို ပေးအပ်လှူဒါန်းရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လက်ခံသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ငွေဆောင်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ ပြန်လည်ထွက်ခွာကြရာ ကျောင်းသား ကျောင်းသူလေးများက 'ဇာတိမာန်' သီချင်းကို သီဆို၍ နှုတ်ဆက်ကြသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ငွေဆောင်ကမ်းခြေဟိုတယ် ဇုန်အပိုင်း(၁)၌ တိုင်းရင်းသားဟိုတယ်လုပ်ငန်းရှင်များ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ငွေဆောင်ကမ်းခြေရှိ နဝဒေးဟိုတယ်နှင့်ခရီးသွားလုပ်ငန်းလီမိတက်၏ ငွေဆောင်ကမ်းခြေဟိုတယ်(စင်ထရယ်)သို့ရောက်ရှိကြရာ အထွေထွေမန်နေဂျာ ဦးကျော်ဝင်းနှင့်ဝန်ထမ်းများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ဟိုတယ်ရှင်းလင်းဆောင်၌ အထွေထွေမန်နေဂျာ ဦးကျော်ဝင်းက ဟိုတယ်၏ ရင်းနှီးမြှုပ်နှံမှု၊ အဆောက်အအုံများနှင့် အခန်းဖွဲ့စည်းမှုအခြေအနေ၊ ဧည့်သည်များတည်းခိုမှုနှင့် ဝင်ငွေရရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ထူးထရေးဒင်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးတေဇက အထူးခန်းတစ်လုံး၊ Duplex Deluxe(၁၁)ဆောင်၊ Walk Way နှင့် ရေကူးကန်၊ Maim Complex နှင့် ဧည့်ကြိုခန်းမဆောင်၊ Dinning Roomနှင့် အပန်းဖြေ ဂေါက်ကွင်းငယ်တစ်ခု တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## အချိန်မီပြီးစီးရေး

တင်ပြချက်များအပေါ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးပြီး တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အရည်အသွေးမီစွာဖြင့် အချိန်မီပြီးစီးရေးဆောင်ရွက်ရန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ငွေဆောင်ကမ်းခြေဟိုတယ်(စင်ထရယ်)အတွင်း အဆင့်မြင့်အဆောက်အအုံများတည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ငွေဆောင်ကမ်းခြေဟိုတယ် (စင်ထရယ်)သည် မြေဧက ၄၀ပေါ်တွင် တည်ရှိပြီး ယခင်အဆောက်အအုံ ၂၈လုံးအပြင် အဆင့်မြင့်အဆောက်အအုံများကို ဆက်လက်ဆောက်လုပ်လျက်ရှိရာ ယခုအခါလုပ်ငန်းများ ၉၀ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ တည်ဆောက်ရေးလုပ်ငန်းများအားလုံးပြီးစီးသွားပါက အခန်း ၅၁ခန်း၌ တစ်ပြိုင်တည်းဧည့်သည် ၁၀၂ဦး တည်းခိုနိုင်မည်ဖြစ်ကြောင်းသိရှိရသည်။

ထို့မှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် Yuzana Resort Hotel သို့ ရောက်ရှိကြရာ ယုဇနကုမ္ပဏီလီမိတက် ဟိုတယ်လုပ်ငန်းစုဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် ဟိုတယ်ဝန်ထမ်းများက ကြိုဆိုကြသည်။

## လုပ်ငန်းရှင်များတွေ့ဆုံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် Yuzana Resort Hotel အစည်းအဝေးခန်းမ၌ ငွေဆောင်ကမ်းခြေတွင် ဟိုတယ်လုပ်ငန်းများဆောင်ရွက်နေကြသော တိုင်းရင်းသား ဟိုတယ်လုပ်ငန်းရှင်များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲအခမ်းအနားတွင် ရှေးဦးစွာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ငွေဆောင်ကမ်းခြေရှိ ဟိုတယ်များသို့ ပြည်တွင်း၊ပြည်ပဧည့်သည်များ လာရောက်တည်းခိုမှုနှင့် ဝင်ငွေရရှိမှုအခြေအနေ၊ အဓိကလုပ်ငန်း လည်ပတ်နေသောဟိုတယ်များနှင့် ဆောက်လုပ်ဆဲ ဟိုတယ်များ၏ အခြေအနေ၊ ဆက်သွယ်ရေးပစ္စည်းများ တပ်ဆင်မှုဆိုင်ရာ ကိစ္စရပ်

*စာမျက်နှာ ၇ ကော်လံ ၁*






**စာမျက်နှာ ၆ မှ**

များနှင့် ကမ်းခြေဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသား ဟိုတယ်လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် Emarld Sea Hotel မှ ဒါရိုက်တာ ဦးကျော်ထွန်း၊ Myanmar Treasure Beach Resort Hotel မှ မန်နေဂျင်းဒါရိုက်တာ

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က ကွန်ပျူတာ သုံးစုံကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ယုဇနကုမ္ပဏီမှလှူဒါန်းသော ကွန်ပျူတာ သုံးစုံကို ငွေဆောင်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် အသုံးပြုနိုင်ရန် ကျောင်းအုပ်ဆရာကြီး ဦးသန်းချစ်အား လွှဲပြောင်းပေးအပ်သည်။

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အောက်တိုဘာ ၁၂ရက်က ရေကြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ရေကြည်၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။**

**(သတင်းစဉ်)**

# မိမိတို့ဒေသထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်သည်ထက် တိုးမြှင့်ထုတ်လုပ်နိုင်စေရေးအောင် တီထွင်ကြံဆ အမျိုးသားစီးပွားရေး တိုးတက်တောင့်တင်းခိုင်မာစေရေး ဘက်စုံ၊ ကဏ္ဍစုံမှ ကြိုးပမ်းစွမ်းဆောင်

ဦးတေဇ၊ Asia World Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်နှင့် ဟိုတယ်လုပ်ငန်းရှင်များက ငွေဆောင်ကမ်းခြေဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ငွေဆောင်ဒေသကို နိုင်ငံတကာအဆင့်မီ ပင်လယ်ကမ်းခြေအပန်းဖြေစခန်းကြီးတစ်ခုအဖြစ် ဖြစ်ထွန်းလာစေရန် နိုင်ငံတော်အစိုးရက အားပေးဆောင်ရွက်နေကြောင်း။

လမ်းပန်းဆက်သွယ်ရေး၊ ရေပေးဝေရေး၊ လျှပ်စစ်မီးရရှိရေးစသည့် လိုအပ်သော အခြေခံအဆောက်အအုံများ တစ်စထက်တစ်စ ပြည့်စုံရအောင် နိုင်ငံတော်အစိုးရက စီမံဖန်တီးပေးလျက်ရှိသည်နှင့်အညီ ဟိုတယ်လုပ်ငန်းရှင်များကလည်း နိုင်ငံတကာပင်လယ်ကမ်းခြေ အပန်းဖြေ စခန်းတစ်ခု၏ အင်္ဂါရပ်များနှင့် ပြည့်စုံညီညွတ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့ရကြောင်း။

## မူဝါဒချမှတ်ပေးထားပြီး

ဤသို့သဘာဝကို အခြေခံသည့် ခေတ်မီအပန်းဖြေစခန်းများ၊ ဟိုတယ်လုပ်ငန်းများ စီမံဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် မပျက်ယွင်းရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ယှဉ်တွဲဆောင်ရွက်သွားရန် နိုင်ငံတော်က မူဝါဒချမှတ်ပေးထားပြီးဖြစ်ကြောင်း။

ငွေဆောင်ပင်လယ်ကမ်းခြေဒေသသည် ပင်ကိုအားဖြင့် သာယာလှပပြန့်ပြူးသည့် ပင်လယ်ကမ်းခြေကြီးရှိထားပြီးဖြစ်ရာ ယင်းသဘာဝအလှ သဘာဝပတ်ဝန်းကျင်ကို မပျက်ယွင်းစေဘဲ တည်ဆောက်မွမ်းမံမြှင့်တင်ပြီး နိုင်ငံတကာအဆင့်မီ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းကြီး ဖြစ်လာစေရအောင် ဆောင်ရွက်ကြဖို့ မှာကြားလိုကြောင်း။

သဘာဝပတ်ဝန်းကျင် မပျက်ယွင်းသည့် ပင်လယ်ကမ်းခြေတစ်ခုအဖြစ် ထိန်းသိမ်းရင်း ပင်ကိုသဘာဝအလှအပမရှိသောဒေသများတွင် ဆောင်ရွက်လေ့ရှိသည့် လူကဖန်တီးယူသော သဘာဝပုံစံမျိုးများ၊ အတုယူဖန်တီးမှုများ မပြုလုပ်မိကြဖို့ တစ်ဆက်တည်းမှာကြားလိုကြောင်း။

## အဆင့်မြှင့်တင်တည်ဆောက်

ယခုအချိန်အခါတွင် ငွေဆောင်ကမ်းခြေသို့ ရန်ကုန်မြို့မှ မော်တော်ယာဉ်ဖြင့် လွယ်ကူချောမွေ့စွာ လာရောက်နိုင်ရေးအတွက် ငဝန်မြစ်ကူး ပုသိမ်တံတားကြီးတည်ဆောက်ပေးခြင်းအပါအဝင် လမ်းများ၊ တံတားများကို အဆင့်မြှင့်တင်တည်ဆောက်ပေးလျက်ရှိကြောင်း။

ထို့အပြင် ပုသိမ်မြို့သို့ ကမ္ဘာလှည့်ခရီးသည်များ လေယာဉ်ဖြင့်ဝင်ရောက်လာနိုင်မည့် အစီအမံများလည်း စီမံဖန်တီးပေးထားပြီးဖြစ်ကြောင်း။

သို့ဖြစ်၍ ငွေဆောင်ကမ်းခြေဒေသကို နိုင်ငံတော်က မျှော်မှန်းသည့်အတိုင်း ပင်ကိုသဘာဝ မပျက်ယွင်းသည့် နိုင်ငံတကာအဆင့်မီ ပင်လယ်ကမ်းခြေအပန်းဖြေစခန်းကြီးအဖြစ် ပီပီပြင်ပြင်ဖြစ်ထွန်းလာစေရအောင် ဟိုတယ်လုပ်ငန်းရှင်များအားလုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ငွေဆောင်ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဆက်လက်ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ထူးထရေးဒင်း ကုမ္ပဏီလီမိတက်၏ Myanmar Treasure Beach Resort Hotelသို့ ရောက်ရှိကြရာ မန်နေဂျင်းဒါရိုက်တာ ဦးတေဇနှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Myanmar Treasure Beach Resort Hotel အတွင်း၌ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

## စီမံချက်ရေးဆွဲဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ငွေဆောင်မြို့အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာများအားတွေ့ဆုံ၍ မြို့ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာလှပရေးလုပ်ငန်းများ၌ စီမံချက်ရေးဆွဲဆောင်ရွက်ရန်မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် လိုက်ပါလျက် ပုသိမ်မြို့နယ် ငွေဆောင်မြို့မှ ရေကြည်မြို့နယ် သိုင်းချောင်းမြို့သို့ မွန်းတည့် ၁၂နာရီတွင် ရောက်ရှိကြရာ အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ ယာယီစစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီးစိုးသန်း၊ ရေကြည်၊ သိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့မှ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

## ရပ်မိရပ်ဖများအားတွေ့ဆုံ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရေကြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြပြီး ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံကာ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ရေကြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဦးနှင့် ကျုံပျော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်လွင်တို့က မြို့နယ်၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များနှင့် ကဏ္ဍအလိုက်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မိမိမြို့နယ်အလိုက် ဖြည့်ဆည်းပေးလိုသည်များကို ဆက်လက်တင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကဏ္ဍအလိုက် စိစစ်မေးမြန်းပြီး လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

## စီမံဆောင်ရွက်ပေးနေ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ရေကြည်မြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့၏ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုးပေးရန် မိမိတို့လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပညာရေး၊ ကျန်းမာရေးအပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေး၌ နောက်ကျကျန်နေခဲ့သော အစွန်အဖျား ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်

*စာမျက်နှာ ၁၂ ကော်လံ ၁*

## ရည်မှန်းချက်ပန်းတိုင် မြန်ဆန်ချောမွေ့စွာရောက်ရှိနိုင်ရေး

- ❐ နိုင်ငံတော်အစိုးရက ပြည်သူများအပေါ်၊ မိဘက သားသမီးများအပေါ်ထားရှိသည့် သဘောထားဖြင့် ပြည်သူများ၏ လိုအပ်ချက်၊ ပြည်သူများ၏ အကျိုးစီးပွားကို အမြဲမပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်းကို သိမြင်သဘောပေါက်ရန်လို။
- ❐ ယခုအချိန်အခါတွင် အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ။
- ❐ အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေး အပါအဝင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ဖြစ်ထွန်းရေးတွင် နိုင်ငံတော်အစိုးရနှင့်ပြည်သူ တစ်သားတည်းဖြစ်ပြီး တစ်စိတ်တည်း တစ်ဝမ်းတည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါမှ ရည်မှန်းချက်ပန်းတိုင်သို့ မြန်ဆန် ချောမွေ့စွာ ရောက်ရှိနိုင်မည်။

# မြန်မာလူမျိုးတို့ရဲ့အဆင့်အတန်းမြင့်မားတဲ့ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်အစဉ်အလာတွေ၊ လူ
# ဘယ်တော့မှခေတ်မတိမ်ကောဘဲ ယနေ့ထက်တိုင်ခေတ်မီနေဆဲ၊ တရားမျှတညီညွတ်တဲ့ မြန်မာ့လူ



✡ **ရွှေဖုံးမှ**

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို လေးစားမြတ်နိုးဂုဏ်ယူတတ်တဲ့ စိတ်ဓာတ်ရေးရာအခြေခံကောင်းများ တည်ဆောက်ပေးနေခြင်းဟာ မြန်မာဆိုတဲ့ မြင့်မြတ်တဲ့အမျိုးအနွယ်နဲ့ မျိုးရိုးစဉ်လာတွေ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နဲ့ အမျိုးသားရေး စရိုက်လက္ခဏာတွေကို ပိုမိုတည်တံ့ခိုင်ခံ့စေရအောင် ဖော်ဆောင်မြှင့်တင်ပေးခြင်းလဲ ဖြစ်ပါတယ်လို့ ပထမဦးစွာပြောကြားလိုပါတယ်။

နိုင်ငံတကာ့အလယ်မှာ နိုင်ငံတစ်နိုင်ငံနဲ့ လူမျိုးတစ်မျိုးရယ်လို့ ထည်ထည်ဝါဝါ ခံ့ခံ့ညားညားဖြစ်တည်လာစေဖို့ဆိုရာမှာ ခိုင်မာတဲ့ ယဉ်ကျေးမှုသမိုင်းစဉ် အဆင့်ဆင့်ကို တိုင်းရင်းသားပြည်သူအားလုံး အေးအတူပူအမျှ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လက်တွဲဖြတ်သန်းကြရစမြဲဖြစ်သလို ဒီလိုနိုင်ငံတော် တည်ထောင်မှုသမိုင်းစဉ်တစ်လျှောက် မိမိတို့ရဲ့ကိုယ်ပိုင်အမျိုးသားရေးစရိုက် လက္ခဏာတွေနဲ့ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုတွေ မပျောက်ပျက်အောင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြရစမြဲ ဓမ္မတာပဲဖြစ်ပါတယ်။

## အမျိုးသားရေးပုံရိပ်

အလားတူစွာပင် နိုင်ငံတစ်နိုင်ငံနဲ့ လူမျိုးတစ်မျိုးအနေနဲ့ ကိုယ်ပိုင် အမျိုးသားရေးစရိုက်လက္ခဏာများနဲ့ ကိုယ်ပိုင်အမျိုးသားရေးဥပဓိရုပ်တို့ ခံ့ခံ့ ထည်ထည်ဖြစ်တည်နေခြင်းဟာ မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့သမိုင်းကြောင်းစဉ်လာ ခံ့ထည်ခိုင်မာမှုနဲ့ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားထည်ဝါမှုတို့ကို ဖော်ညွှန်း ပြဆိုနိုင်တဲ့ အမျိုးသားရေးပုံရိပ်တွေပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံနဲ့ မြန်မာလူမျိုးတို့ဟာ သမိုင်းအစဉ်အလာကြီးမားခဲ့ထည်ပြီး ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားကြတဲ့အလျောက် နက်နဲသိမ်မွေ့တဲ့ အမျိုးသား ရေးဂုဏ်ရည်၊ အမျိုးသားရေးစံထားမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများကို နှစ်ပေါင်းထောင်ချီတဲ့ မြန်မာ့သမိုင်းအဦးအစကာလများမှသည် ယနေ့ ထက်တိုင်အောင် သမိုင်းအစဉ်အဆက်မှာ အခိုင်အမာမော်ကွန်းထိုးနိုင်ခဲ့ကြတာ ကို ဂုဏ်ယူဝင့်ကြွားဖွယ် တွေ့မြင်ကြရမှာဖြစ်ပါတယ်။

မြန်မာလူမျိုးတို့ရဲ့ အမျိုးသားယဉ်ကျေးမှုဘဝ အခြေခံတွေကိုကြည့်ရင် ရိုးရာဓလေ့စရိုက်တွေ၊ ဘာသာတရားအဆုံးအမများက ပေါက်ဖွားလာတဲ့ နက်နဲသိမ်မွေ့တဲ့ လောကရေး၊ ဓမ္မရေးအသိအမြင်အတွေးအခေါ်တွေ၊ လောက ပါလတရားနှစ်ပါး၊ ဗြဟ္မစိုရ်တရားလေးပါးကို အခြေခံပြီး လူလူချင်းစာနာ ထောက်ထားလေးစားညှာတာမှု၊ တရားမျှတမှုတို့အပေါ် တည်ဆောက်ထားတဲ့ လူမှုတန်ဖိုးတွေ၊ တည်ကြည်ဖြောင့်မတ်မှု၊ စာရိတ္တခိုင်ကျည်မှု၊ သစ္စာမြဲမြံမှု တို့ကို အခြေခံတဲ့ လူမှုကျင့်ဝတ်တွေ၊ နီတိထုံးတမ်းတွေဟာ ယနေ့ခေတ်ပေါ် အနောက်တိုင်းအယူအဆများဖြစ်တဲ့ လူမှုအခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ လူသားချင်းအခွင့်အလမ်းညီမျှမှု၊ ဘာသာရေး လွတ်လပ်မှုစတဲ့ လူ့အခွင့်အရေးသဘောတရားတွေကို မြန်မာ့စရိုက်၊ မြန်မာ့နည်း မြန်မာ့ဟန် မြန်မာ့စံထားမှုနဲ့ ရှေးပဝေသဏီကပင် မြန်မာနိုင်ငံမှာ တည် ဆောက်ထားပြီးဖြစ်တယ်ဆိုတာ တွေ့ကြရမှာဖြစ်ပါတယ်။

ဒါကြောင့် ယဉ်ကျေးမှုအစဉ်အလာကြီးမားခဲ့ထည်ပြီးဖြစ်တဲ့ မြန်မာ လူမျိုးများအဖို့ မိမိတို့ရဲ့ သိမ်မွေ့နက်နဲတဲ့ ရိုးရာအယူအဆတွေ၊ မြန်မာ့အတွေး အမြင်တွေ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေ၊ လူမှုတန်ဖိုးနဲ့ လူမှုကျင့်ဝတ်တွေကို ပြန်လည်ဖော်ထုတ်မြှင့်တင်ပေးရင်း မျက်မှောက်ခေတ်ကာလနဲ့ လျော်ညီစေရ အောင် အမျိုးသားရေးအမြင်နဲ့ အခြေခံမပျက် ပြုပြင်မွမ်းမံပေးနိုင်တာနဲ့အမျှ လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုးကိုဖြစ်ထွန်းစေတဲ့ မြန်မာ့လူ့ဘောင် အဖွဲ့အစည်းကြီးရယ်လို့ နိုင်ငံတကာ့အလယ်မှာ ထည်ထည်ဝါဝါ ဆက်လက် ရပ်တည်နိုင်မှာ အမှန်ပဲဖြစ်ပါတယ်။

## ရင်ဆိုင်တွန်းလှန်

ဒါပေမယ့် ယနေ့အချိန်အခါမှာ နည်းပညာအရ၊ ဓနအင်အားအရ အသာစီးရရှိနေတဲ့ နိုင်ငံကြီးအချို့ဟာ ကမ္ဘာ့နိုင်ငံအသီးသီးမှာ အမျိုးသား ယဉ်ကျေးမှုအသွယ်သွယ်ဖြင့် ရပ်တည်ဖြစ်ထွန်းနေမှုကို လျစ်လျူရှုပြီး သတင်းနဲ့ ဆက်သွယ်ရေးနည်းပညာများရဲ့ တိုးတက်ဖြစ်ထွန်းမှုကြောင့် တစ်ကမ္ဘာလုံး ဆက်စပ်ဖြစ်ပေါ်နေတဲ့ Globalization အရေကိုခြုံရင်း ရှာကြီးကရွာငယ်များ အပေါ်လက်ဝါးကြီးအုပ်ခြယ်လှယ်စိုးမိုးသလို သူတို့ရဲ့အဆိုအမိန့်နဲ့ တစ်ဖက် သတ်ခိုင်းစေမှုတွေကို တစ်ကမ္ဘာလုံးက လိုက်နာကျင့်သုံးကြစေဖို့ နည်းလမ်း အမျိုးမျိုးနဲ့ ကြိုးပမ်းနေကြတဲ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်လို ဖွံ့ဖြိုးဆဲနိုင်ငံများအနေနဲ့ မိမိတို့ရဲ့ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ လျော့ပါးပျောက်ကွယ်မသွားစေရအောင် ရင်ဆိုင်တွန်းလှန်နေကြရတဲ့ အချိန်အခါ ဖြစ်ပါတယ်။

ဒီနိုင်ငံကြီးများအနေနဲ့ နိုင်ငံငယ်များအပေါ် ယဉ်ကျေးမှုအရ လွှမ်းမိုးခြယ် လှယ်နိုင်စေဖို့အတွက် စွမ်းအားကြီးမားတဲ့ သတင်းမီဒီယာများအသုံးပြုပြီး ပြောင်ပြောင်တင်းတင်း လှုံ့ဆော်ဖန်တီးနေတဲ့အပြင် ရုပ်ရှင်၊ ဂီတ၊ စာပေ၊ ယဉ်ကျေးမှုတံခါးပေါက်နဲ့ စီးပွားရေးတံခါးပေါက်များကပါ ပုန်းလျှိုးကွယ်လျှိုး ဝင်ရောက်ပြီး လူငယ်လူရွယ်များရဲ့ ပြုမူနေထိုင်မှု၊ ဝတ်စားဆင်ယင်မှုကအစ သူတို့ရဲ့အနောက်တိုင်းဓလေ့စရိုက် အမူအကျင့်တွေကူးစက်ပျံ့နှံ့စေဖို့ ရည်ရွယ် ချက်ရှိရှိ ဖန်တီးလုပ်ဆောင်လျက်ရှိနေတာ တွေ့ရပါတယ်။

## တားဆီးတိုက်ဖျက်

ဒါကြောင့် ယနေ့အချိန်အခါလို သတင်းအချက်အလက်နဲ့ ပညာရပ်များ ကမ္ဘာ့နိုင်ငံအသီးသီးထံသို့ ရေမြေတောတောင် သဘာဝနယ်နိမိတ်များကို ဖြတ်သန်းပြီး အဆက်မပြတ်ဝင်ရောက်လာနေတဲ့ အခြေအနေ အချိန်အခါ ကာလမှာ ခေတ်သစ်ကိုလိုနီနယ်ချဲ့စနစ်တစ်မျိုးဖြစ်တဲ့ ရုပ်ရှင်၊ ဂီတ၊ စာပေ၊ ယဉ်ကျေးမှုနယ်ပယ်အရပ်ရပ်မှာ Globalization အရေခြုံပြီး ဖြတ်သန်းထိုး ဖောက် လွှမ်းမိုးလာနေတဲ့ သရုပ်ပျက်ဓလေ့စရိုက်အမူအကျင့်တွေကို မိမိတို့ရဲ့ ယဉ်ကျေးမှုနယ်ပယ်မှာ စွန်းထင်းမကျန်ရစ်စေရအောင်၊ တစ်နည်းအားဖြင့် ပြောရရင် သူတို့ရဲ့ခြေရာလက်ရာ၊ အမူအရာ အမူအကျင့်များ မြန်မာ့ ယဉ်ကျေးမှုဘဝနယ်ပယ်အသီးသီးမှာ စွဲထင်မကျန်ခဲ့စေရအောင် အမျိုးသား ယဉ်ကျေးမှုစွမ်းအား၊ အမျိုးသားရေးစိတ်ဓာတ်ကိုယ်ခံစွမ်းအားတို့ဖြင့် မြဲမြဲမြံမြံ ခိုင်ခိုင်မာမာ တွန်းလှန်တားဆီးတိုက်ဖျက်နိုင်ဖို့ အထူးလိုအပ်နေပြီဖြစ်ပါတယ်။

လူငယ်လူရွယ်များအဖို့ အမြင်အာရုံမှာ အမြဲမပြတ် ယဉ်ပါးထိတွေ့လာရတဲ့ အခါမှာ ဓလေ့စရိုက်လို စွဲထင်လာတတ်မြဲဓမ္မတာပဲ ဖြစ်ပါတယ်။

ဒါကြောင့် ရုပ်ရှင်၊ စာပေ၊ ဂီတ၊ ယဉ်ကျေးမှုမျက်နှာစာက တိုင်းတစ်ပါး ယဉ်ကျေးမှုဓလေ့စရိုက် အမူအကျင့်များ မသိမသာထိုးဖောက်ဝင်ရောက်လွှမ်းမိုး လာမှုတွေ၊ ဝိသမစီးပွားရေးသမားများရဲ့ အမျိုးသားရေးအသိစိတ်ဓာတ်ခေါင်း ပါးမှုတွေရဲ့ သွေးဆောင်ဖြားယောင်းမှုများမှာ လူငယ်လူရွယ်များ နားယောင် လိုက်ပါမသွားစေရအောင်နဲ့ ခေတ်ရေစီးကြောင်းလို့ အကြောင်းပြထားတဲ့ သရုပ်ပျက်ရေအလျဉ်မှာ လူငယ်လူရွယ်များ သာယာမျောပါပြီး နစ်မွန်းမသွားစေ ရအောင် စနစ်တကျ တားဆီးကာကွယ်ကြရမှာဖြစ်တဲ့အတွက် အမျိုးသား ယဉ်ကျေးမှုရဲ့ စစ်မှန်တဲ့တန်ဖိုးနဲ့ အနှစ်သာရတို့ကို ယနေ့လူငယ်လူရွယ်များ သိမြင်ခံစားရစေဖို့ နိုင်ငံတော်က အလေးထားစီမံဆောင်ရွက်ပေးနေခြင်း ဖြစ်ပါတယ်။

မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များမှာ မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတို့ရဲ့ နှစ်ပေါင်းထောင်ချီတဲ့သမိုင်းစဉ်တစ်လျှောက်မှာ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း အမြစ်တွယ်ရှင်သန်ဖွံ့ဖြိုးဖြစ်တည်လာခဲ့တဲ့ မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့ထုံး တမ်းစဉ်လာတွေ၊ ထေရဝါဒဗုဒ္ဓဘာသာရဲ့ အဆုံးအမများက ပေါက်ဖွား ရှင်သန်လာခဲ့တဲ့ တရားမျှတမှု၊ ကိုယ်ချင်းစာနာမှု၊ မေတ္တာထားရှိမှု၊ သစ္စာ မြဲမြံမှုတို့ကို အခြေခံတဲ့ လူမှုကျင့်ဝတ်နဲ့လူမှုတန်ဖိုးတွေ၊ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့ ခမ်းနားထည်ဝါစွာ နေထိုင်လာခဲ့ကြတဲ့ မြန်မာတို့ရဲ့ အဆင့် အတန်းမြင့်မားလှတဲ့ တရားစီရင်ရေး၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးဆိုင်ရာ တွေးခေါ်မြော်မြင်မှုအခြေခံ သဘောတရားတွေစတဲ့ မြန်မာ့ယဉ်ကျေးမှုရဲ့ ဂုဏ်ဒြပ်နဲ့ အနှစ်သာရများဟာ မြန်မာလူမျိုးတို့အတွင်းမှာ တစ်စုတစ်ဝေးတည်း စိမ့်ဝင်ကိန်းအောင်းလျက်ရှိနေတာ အမှန်ပဲဖြစ်ပါတယ်။

## ပြန်လည်ဖော်ထုတ်မြှင့်တင်

ဒါကြောင့်လည်း မြန်မာ့ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များရဲ့ ပညာခန်း အဆီအနှစ်များနဲ့တကွ အမျိုးသားရေး အနှစ်သာရ တွေ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာစစ်စစ်ရဲ့ တန်ဖိုးနဲ့ ရသဂုဏ်မြောက်မှု တွေကို ယနေ့လူငယ်လူရွယ်များ သိမြင်ခံစားနိုင်စေဖို့ ယခုလို မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကတစ်ဆင့် ပြန်လည် ဖော်ထုတ်မြှင့်တင်ပေးနေခြင်းပဲ ဖြစ်ပါတယ်။

အထူးသဖြင့် မြန်မာ့ဇာတ်သဘင်နဲ့ ရုပ်သေးသဘင်တို့ဟာ မြန်မာလူမျိုး တို့ကို သမိုင်းခေတ်အဆက်ဆက်မှာ နူးညံ့သိမ်မွေ့ယဉ်ကျေးအောင် တရားမျှတမှု နဲ့ လူသားချင်း ကိုယ်ချင်းစာနာထောက်ထားမှုတို့ကို လေးစားမြတ်နိုးတတ် အောင်၊ လက်ရုံးရည်ရော နှလုံးရည်ပါ ပြည့်စုံထက်မြက်အောင် ပညာပေး စည်းရုံးပြီး မြန်မာလူမျိုးတို့ကို ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့ မျိုးရိုးဂုဏ်သိန် အရှိန်အဝါမြင့်မားတောက်ကြွားစွာ နေထိုင်နိုင်စေရအောင် မြှင့်တင်စွမ်းဆောင် ပေးခဲ့တဲ့အတွက် ဒီစွမ်းပကားကို ပိုမိုထင်ရှားမြင့်မားအောင် ပြန်လည်ဖော်ထုတ် မြှင့်တင်ပေးသွားရမှာ ဖြစ်ပါတယ်။

ယခု ဒွါဒသမအကြိမ်ပြိုင်ပွဲကြီးရဲ့ ရုပ်သေးသဘင်ပြိုင်ပွဲမှာ တင်ဆက် ယှဉ်ပြိုင်ဖို့ သတ်မှတ်ပေးထားတဲ့ မဟောသဓာဇာတ်တော်ကြီးဟာ မြတ်စွာ ဘုရားရှင်ရဲ့ ပညာပါရမီဖြည့်ဆည်းမှုကို ဖော်ညွှန်းဖွဲ့ဆိုထားတဲ့ ဇာတ်တော်ကြီး ဖြစ်တာနဲ့အညီ ဇာတ်လမ်းဇာတ်အိမ်ဖန်ဖွဲ့မှု၊ ပညာခန်းအဆီအနှစ် ပြည့်ဝမှုတို့ ဖြင့် ကျယ်ဝန်းနက်ရှိုင်းလှတဲ့ ဇာတ်တော်ကြီးတစ်ခုဖြစ်ပါတယ်။

ရှေးပညာရှိအကျော်အမော် စာဆိုကြီးများပင်လျှင် မဟော်ကျေးစေခန်း၊ မဟော်ဥမင်ခန်းစတဲ့ တစ်ခန်းတစ်ကဏ္ဍကိုပင် သီးသီးခြားခြား ပျို့လင်္ကာများ ရေးဖွဲ့ခဲ့ရတဲ့ ဇာတ်တော်ကြီးဖြစ်ပါတယ်။

## ပီပီပြင်ပြင်ဖော်ထုတ်တင်ဆက်

ဒါကြောင့် မဟော်သဓာဇာတ်တော်ကြီးကို ရုပ်သေးသဘင်ပြိုင်ပွဲမှာ ယခုနှစ် တင်ဆက်ယှဉ်ပြိုင်မှုများမှာ အခန်းကဏ္ဍ အနည်းငယ်မျှပင်ဖြစ်ပေမယ့် မဟော်သဓာဇာတ်တော်ကြီးရဲ့ အနှစ်သာရဖြစ်တဲ့ ဝိဇ္ဇာနဲ့အဝိဇ္ဇာ၊ ပညာရှိနဲ့ ပညာမဲ့၊ ဓမ္မနဲ့ အဓမ္မတို့ရဲ့ အားပြိုင်မှုမှာ ပညာဉာဏ်အစွမ်းဖြင့် အဓမ္မတရားရဲ့

# တွေ၊ လူသားချင်းစာနာထောက်ထားမှုကိုအခြေခံတဲ့ မြန်မာ့လူမှုကျင့်ဝတ်နဲ့ အမျိုးသားရေးစိတ်ထားမှုတွေ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို ဖော်ဆောင်ပေးနိုင်ခဲ့ဖြစ်တယ်ဆိုတာ မြန်မာ့အနုပညာဖြင့်ညွှန်းဆိုပြသ



ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

(သတင်းစဉ်)

မှားယွင်းမှုကို ဖော်ထုတ်နိုင်စွမ်းရှိပုံနဲ့ မြန်မာလူမျိုးတို့ရဲ့ တရားမျှတမှု အယူအဆတို့ကို ပီပီပြင်ပြင် ဖော်ထုတ်တင်ဆက်နိုင်ကြလိမ့်မယ်လို့ ယုံကြည်ထားပြီးဖြစ်ပါတယ်။

အလားတူပဲ ယခုနှစ်မှာ စတုတ္ထအကြိမ်အဖြစ် တင်ဆက်ယှဉ်ပြိုင်ကြမယ့် ရာမာယဏဇာတ်တော်ကြီးဟာလဲ အိမ်နီးချင်းနိုင်ငံကပျံ့နှံ့လာတဲ့ ဇာတ်တော်ကြီး တစ်ခုဖြစ်ပေမယ့် မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှာ နှစ်ပေါင်းရှည်ကြာ ပြန့်ပွားလာခဲ့တဲ့ကာလတစ်လျှောက်မှာ ပုံပြင်လိုတစ်မျိုး၊ စာပေလိုတစ်သွယ် ရှိခဲ့ရာက အဆင့်အတန်းမြင့်မားတဲ့ သာချင်း၊ ရကန်၊ ပြဇာတ်၊ စာပေပုံစံများနဲ့ တကွ နန်းတွင်းဇာတ်တော်ကြီးအဆင့်အထိ အဆင့်ဆင့်ကူးပြောင်း တက်လှမ်းလာနိုင်စေရအောင် ပညာရှင်အဆက်ဆက်က ပြုစုပျိုးထောင်ပေးလာခဲ့တဲ့အတွက် ယခုအခါမှာ မြန်မာမှု၊ မြန်မာ့ဟန်၊မြန်မာ့ယဉ်ကျေးမှုအတိပြီးတဲ့ ရှေးရိုးစဉ်ဆက် မြန်မာ့ဇာတ်တော်ကြီးစစ်စစ် တစ်ခုအဖြစ် ရပ်တည်နေပြီဖြစ်ပါတယ်။

## မိသားစုစိတ်ဓာတ်

ဒါကြောင့် ယခုနှစ် ရာမာယဏဇာတ်တော်ကြီးတင်ဆက်ယှဉ်ပြိုင်မှုများမှာ ယခင်နှစ်များနည်းတူ ရာမာယဏဇာတ်တော်ကြီးက ဖော်ညွှန်းပြဆိုထားတဲ့ ဓမ္မတရားက အဓမ္မတရားအပေါ် အနိုင်ယူနိုင်မှုကို ပီပီပြင်ပြင် ဖော်ထုတ်တင်ဆက်ရင်း မြန်မာ့ယဉ်ကျေးမှုရဲ့အမြုတေဖြစ်တဲ့ ဖြူစင်သန့်ရှင်းတဲ့ မေတ္တာတရား၊ ဖြောင့်မတ်တည်ကြည်တဲ့သစ္စာတရား၊ ညီရင်းအစ်ကို မောင်ရင်းနှမများနဲ့ စစ်မှန်သော မိတ်ဆွေသင်္ဂဟများအကြား စောင့်ထိန်းအပ်တဲ့ မွန်မြတ်သန့်စင်သော မိသားစုစိတ်ဓာတ်တို့ကိုပါ ထင်ရှားပေါ်လွင်အောင် ကပြတင်ဆက်နိုင်ကြလိမ့်မယ်လို့ ယုံကြည်ထားပြီး ဖြစ်ပါတယ်။

ထို့အတူပဲ အခြားသော အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများမှာလဲ ယခင်ပြိုင်ပွဲများနည်းတူ မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များရဲ့ ပညာခန်းအဆီအနှစ်တို့နဲ့တကွ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ဓလေ့စရိုက် အစဉ်အလာများကို ပြည့်ပြည့်ဝဝ ပေါ်ပေါ်လွင်လွင် ဖော်ညွှန်းတင်ဆက်သွားကြလိမ့်မယ်လို့ ယုံကြည်ထားပါကြောင်း တစ်ဆက်တည်း ပြောကြားလိုပါတယ်။

ဒီလိုမြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်များကို စနစ်တကျပြန်လည်ဖော်ထုတ်မြှင့်တင်ပေးနိုင်ခဲ့တဲ့အတွက် ယနေ့လူငယ်လူရွယ်များအကြားမှာ အမျိုးသားရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာများကို မြတ်နိုးလေးစားတဲ့ စိတ်ဓာတ်၊ မြန်မာ့ရိုးရာအနုပညာကို ခုံမင်လိုက်စားလာကြတဲ့ ကောင်းမြတ်တဲ့ အလေ့အထများနဲ့ မြန်မာမှုရသစစ်စစ်ကို နားလည်ခံစားနိုင်တဲ့စွမ်းရည်တို့ တစ်နေ့တခြား တိုးတက်မြင့်မားခိုင်မာလာနေပြီဆိုတာကိုလဲ မြန်မာမှု နယ်ပယ်မှာ ဂုဏ်ယူဝင့်ကြွားဖွယ် တွေ့မြင်နေရပြီဖြစ်ပါတယ်။

## ပိုမိုပြည့်ဖြိုးခိုင်မာလာ

ဒီလိုမြန်မာလူငယ်များ မြန်မာ့ရိုးရာ၊ မြန်မာ့အစဉ်အလာ၊ မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးလေးစားလိုက်နာကျင့်ကြံလာကြတာနဲ့အမျှ တိုင်းတစ်ပါးက ထိုးဖောက်ဝင်ရောက်လာတဲ့ သရုပ်ပျက်အမူအကျင့်ဓလေ့စရိုက်များရဲ့ သွေးဆောင်လွှမ်းမိုးမှုများကို လူငယ်များကို ကြံ့ကြံ့ခိုင်ခိုင် တွန်းလှန်နိုင်တဲ့ အမျိုးသားရေးကိုယ်ခံစွမ်းအားများ ပိုမိုပြည့်ဖြိုးခိုင်မာလာမှာ ကေန်အမှန်ပဲ ဖြစ်ပါတယ်။

မြန်မာလူမျိုးတို့ရဲ့ အဆင့်အတန်းမြင့်မားတဲ့ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာတွေ၊ သိမ်မွေ့နက်နဲတဲ့ တွေးခေါ်မြော်မြင်မှုတရားတွေ၊ လူသားချင်းတန်းတူရည်တူရှိမှု၊ လူသားချင်းစာနာထောက်ထားမှု၊ တရားမျှတမှုတို့ကို အခြေခံတဲ့ မြန်မာ့လူမှုကျင့်ဝတ်နဲ့ လူမှုတန်ဖိုးတွေ၊ အမျိုးသားရေးစိတ်ထားမှုတွေဟာ ဘယ်တော့မှ ခေတ်မတိမ်ကောဘဲ ယနေ့ထက်တိုင် ခေတ်မီနေဆဲ၊ ယနေ့ထက်တိုင် တရားမျှတညီညွတ်တဲ့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို ဖော်ဆောင်ပေးနိုင်ဆဲဖြစ်တယ်ဆိုတာကို မြန်မာ့အနုပညာဖြင့် ညွှန်းဆိုပြသရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းလုံးညီညွတ်သော ပြည်ထောင်စုနိုင်ငံတော်ကြီးကို မြန်မာမှု မြန်မာ့ဟန်ဖြင့် မြန်မာတိုင်းရင်းသားလူမျိုးများကိုယ်တိုင်က စည်းလုံးညီညွတ်စွာ တည်ထောင်နိုင်စွမ်းရှိခဲ့တယ်ဆိုတာကို အနုပညာစွမ်းပကားဖြင့် ပေါ်လွင်ထင်ရှားအောင် ဖော်ထုတ်ပြသကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

ယနေ့အချိန်အခါမှာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို မြန်မာ့မှု၊ မြန်မာ့ဟန်၊ မြန်မာ့အမျိုးသားရေးအနှစ်သာရတို့နဲ့အညီ တည်ဆောက်ပေးနိုင်စေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမယ့်မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါတယ်။

နိုင်ငံတော်ရှေ့ဆက်သွားမယ့်မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ ပထမအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးမှာ တိုင်းရင်းသားလူမျိုးများအားလုံးနဲ့ တိုင်းရင်းသားပြည်သူအလွှာပေါင်းစုံတို့ရဲ့ ကိုယ်စားလှယ်ပေါင်း တစ်ထောင်ကျော် တက်ကြွစွာ ပါဝင်ဆွေးနွေး ညှိနှိုင်းလျက်ရှိရာမှာ မြန်မာ့အနုပညာရှင်ကြီးများလဲ မြန်မာ့အနုပညာလောကကို ကိုယ်စားပြုပြီး ပါဝင်တက်ရောက်လျက်ရှိနေပြီဖြစ်ပါတယ်။

## ကြိုးပမ်းစွမ်းဆောင်

ဒါကြောင့် မြန်မာ့ယဉ်ကျေးမှုအနုပညာရှင်များအားလုံးက အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်ရေးကအစပြုတဲ့ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ဖြစ်ထွန်းရေးအတွက် မိမိတို့ကျရာကဏ္ဍက အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပါဝင်ကြိုးပမ်းစွမ်းဆောင်ပေးကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ အနုပညာရှင်များအားလုံးကို ပြောကြားလိုတာကတော့—

- **ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာ့အလယ်မှာ ဝင့်ဝင့်ထည်ထည်နဲ့ ခိုင်ခိုင်မြဲမြဲ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရေး ဦးတည်ပြီး မြန်မာလူမျိုးတို့ရဲ့ အမျိုးသားရေးစရိုက်လက္ခဏာများ၊ အမျိုးသား ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ၊ လူမှုတန်ဖိုးများကို ထိန်းသိမ်း မြှင့်တင်ရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်နိုင်မယ့် အစွမ်းထက်မြက်တဲ့ အမျိုးသားရေး စွမ်းအားကို ပိုမိုထက်မြက်ခိုင်မာစေရအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြပါ၊**
- **တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်မှုအန္တရာယ်ကို တားဆီးကာကွယ်နိုင်စေဖို့ မြန်မာလူမျိုးတို့ရဲ့ သမိုင်းအစဉ်အလာကြီးမားမှု၊ မျိုးရိုးဂုဏ်ရှိန်ထည်ဝါမှု၊ ယဉ်ကျေးမှုအဆင့်အတန်း ရင့်ကျက်မြင့်မားမှုနဲ့ သိမ်မွေ့နက်ရှိုင်းတဲ့ မြန်မာ့ဂုဏ်ရည်များကို မျိုးဆက်သစ်လူငယ်များအတွင်း စိမ့်ဝင်ပျံ့နှံ့နေအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြပါ၊**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ထွန်းရေးအတွက် ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးကို ယဉ်ကျေးမှု အနုပညာကဏ္ဍက တက်ညီလက်ညီ ပါဝင်ကြိုးပမ်းသွားကြပါ**

လို့ တိုက်တွန်းရင်းနိဂုံးချုပ်လိုက်ပါတယ်။ ။

**(သတင်းစဉ်)**

## အမျိုးသားရေးစွမ်းအား ထက်မြက်ခိုင်မာရေး အနုပညာစွမ်းပကားဖြင့်စွမ်းဆောင်

- **ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာ့အလယ်မှာ ဝင့်ဝင့်ထည်ထည်နဲ့ ခိုင်ခိုင်မြဲမြဲ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရေး ဦးတည်၊**
- **မြန်မာလူမျိုးတို့ရဲ့ အမျိုးသားရေး စရိုက်လက္ခဏာများ၊ အမျိုးသားယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ၊ လူမှုတန်ဖိုးများကို ထိန်းသိမ်းမြှင့်တင်၊**
- **ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်နိုင်မယ့် အစွမ်းထက်မြက်တဲ့ အမျိုးသားရေးစွမ်းအားကို ပိုမိုထက်မြက်ခိုင်မာစေရအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေး၊**
- **မြန်မာလူမျိုးတို့ရဲ့ သမိုင်းအစဉ်အလာကြီးမားမှု၊ မျိုးရိုးဂုဏ်ရှိန်ထည်ဝါမှု၊ ယဉ်ကျေးမှုအဆင့်အတန်း ရင့်ကျက်မြင့်မားမှုနဲ့ သိမ်မွေ့နက်ရှိုင်းတဲ့ မြန်မာ့ဂုဏ်ရည်များကို မျိုးဆက်သစ်လူငယ်များအတွင်း စိမ့်ဝင်ပျံ့နှံ့နေအောင် အနုပညာစွမ်းပကားဖြင့် ဆောင်ရွက်၊**

## ဖဲကြိုးဖြတ် ဖွင့်လှစ်



**ဒွါဒသမ အကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင် ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ကြည်အောင်က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။**

**(သတင်းစဉ်)**






**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပညာရှင်အဆင့် အမျိုးသမီးအကပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)**



**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ သံရုံးယာယီတာဝန်ခံများနှင့် စစ်သံမှူးများအား ချစ်ကြည်ရင်းနှီးစွာ နှုတ်ဆက်စဉ်။**
**(မြန်မာ့အလင်း)**

☆ *ကျောဖုံးမှ*

ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေးနှင့် တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေးဟူသော ရည်ရွယ်ချက် ခြောက်ရပ်ဖြင့် နှစ်စဉ်ကျင်းပလျက်ရှိသည့်ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားသည်။

## ဖွင့်ပွဲတက်ရောက်

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီးဒေါ်သန်းသန်းနွဲ့၊အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ ပြိုင်ပွဲကျင်းပရေးနာယက အဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ဒုတိယဝန်ကြီးများ၊ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ ယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်များကို နံနက် ၇နာရီတွင် အမျိုးသားဇာတ်ရုံရှေ့ ဥပစာ၌ ကျင်းပရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင်များ၊ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် ဦးစီးကော်မတီဝင်များ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်နယ်နှင့်တိုင်းများမှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ ပြည်နယ်နှင့်တိုင်း ၁၄ ခုမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုဝတ်စုံများ ဝတ်ဆင်ထားသော ပြိုင်ပွဲဝင်အမျိုးသမီးများ၊ အကပြိုင်ပွဲဝင်အသင်း ၁၆သင်းမှ ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့်နှင့် အဆင့်မြင့်ပညာအဆင့်တို့၌ ပြိုင်ပွဲဝင်ကြမည့် အကဝတ်စုံများ ဝတ်ဆင်ထားကြသော ပြိုင်ပွဲဝင်အမျိုးသမီးများနှင့် ယဉ်ကျေးမှုတက္ကသိုလ်မှ ကလပ်နှင့်ဖဲကြိုး၊ ကြက်လျှာကိုင် မြန်မာဝတ်စုံဝတ် အမျိုးသမီးငယ်များက သတ်မှတ်ထားသော နေရာအသီးသီးတို့၌ နေရာယူကြသည်။

ဖွင့်ပွဲအခမ်းအနား ပထမပိုင်း အစီအစဉ်တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဒေါ်တင်တင်မြနှင့်ဒေါ်သီတာဆွေတို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

## အစဉ်အလာမပျက်

အစီအစဉ်အရ ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယကအဖွဲ့ဝင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ပြိုင်ပွဲကျင်းပရန် စီစဉ်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်က စပြီး နှစ်စဉ်အစဉ်အလာမပျက်ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၁၂)ကြိမ်မြောက်ဖြစ်သည့် ဒွါဒသမအကြိမ်ကို ရောက်ရှိခဲ့ပြီ ဖြစ်ကြောင်း။

ယနေ့မှ ၂၀၀၄ ခုနှစ် အောက်တိုဘာ ၃၁ ရက်အထိ ကျင်းပပြုလုပ်သွားမည့်ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲကြီးကို ရည်ရွယ်ချက် ခြောက်ရပ်ချမှတ်ပြီး ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊၎င်းရည်ရွယ်ချက်များမှာ **မိမိတို့ နိုင်ငံသူနိုင်ငံသား အားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရေး၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရေး၊ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရေး၊ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေး၊ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး**တို့ ဖြစ်ကြောင်း။

## သီဆိုယှဉ်ပြိုင်

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပညာရပ်များကို မိမိတို့တစ်သက်လုံး မြတ်နိုးစွာ တန်ဖိုးထားပြီး ထိန်းသိမ်း စောင့်ရှောက်လာခဲ့ကြသည့် ပညာရှင်ကြီးများ၏ ဆန္ဒအရ လက်ဆင့်ကမ်း အမွေအဖြစ် ဆက်လက်ရယူ ထိန်းသိမ်းသွားကြမည့် မျိုးဆက်သစ် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နိုင်ရန် စီစဉ်သတ်မှတ်ထားသည့် ပြိုင်ပွဲအဆင့်များအနေဖြင့် ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့်၊ အဆင့်မြင့် ပညာအဆင့်၊ အခြေခံပညာ အသက်(၁၅)နှစ်မှ (၂၀)နှစ်အဆင့်၊ အခြေခံပညာ အသက်(၁၀)နှစ်မှ(၁၅)နှစ်အဆင့်နှင့် အခြေခံပညာ အသက် (၅)နှစ်မှ (၁၀)နှစ် အဆင့် ဆိုပြီး အဆင့်ခြောက်ဆင့် ခွဲခြားသတ်မှတ်ထားကြောင်း။

အဆိုပါ ပြိုင်ပွဲ၌ မဟာဂီတ၊ ဓမ္မပူဇာတေး၊ ခေတ်ဟောင်းနှင့် ကာလပေါ်တေး ဘာသာရပ်များကို အဆင့်အလိုက် သတ်မှတ်ထားသည့် တေးသီချင်းများအနက်က မဲကျရာ တေးသီချင်းကို သီဆိုယှဉ်ပြိုင်ကြရမည် ဖြစ်ကြောင်း။

အကပြိုင်ပွဲတွင် ပညာရှင်အဆင့်၌ ယှဉ်ပြိုင်သူကိုယ်တိုင် တေးသီချင်းသီဆိုပြီး ဆိုင်းဝိုင်းကြီးက ပံ့ပိုးပေးသော တီးလုံးတေးသွားများ အတိုင်း အဆို၊အပြောများနှင့်တကွ မိမိတို့၏ အကပညာစွမ်းကို ကပြယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း။

ဝါသနာရှင်အဆင့်၌ သတ်မှတ်ထားသည့်တီးလုံးတေးသွား သုံးမျိုးအနက်က မဲကျသော တီးလုံးတေးသွားအတိုင်း ကပြ ယှဉ်ပြိုင်ကြရမည် ဖြစ်ကြောင်း။

အဆင့်မြင့် ပညာအဆင့်နှင့် အခြေခံပညာအဆင့်များ ယှဉ်ပြိုင်ရာ၌လည်း အဆင့်အလိုက် သတ်မှတ်ထားသော တီးလုံးတေးသွားများ အတိုင်း ကပြယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း။

## အထူးအလေးထား

ယခုနှစ် အကပြိုင်ပွဲများ ယှဉ်ပြိုင်ရာတွင် မြန်မာမှု၊ မြန်မာ့ဟန် မြန်မာ့အက ပညာစစ်စစ်များကို အထူးအလေးထား ဖန်တီးယှဉ်ပြိုင်နိုင်စေရန် ကြိုတင်စီမံ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း။

**ရုပ်သေးပြိုင်ပွဲ**ယှဉ်ပြိုင် ရာ၌လည်း ပညာရှင်အဆင့်တွင်ဇာတ်တော်ကြီး ဆယ်ဘွဲ့ဝင်" မဟော်သဓာ ဇာတ်တော်ကြီး"ကို အဆို၊ အငို၊ အပြောများနှင့် အမြင့်သဘင် အစဉ်အလာများ အတိုင်း ကပြယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း။

ဝါသနာရှင်အဆင့်၌ မင်းသား၊ မင်းသမီး"ခေတ်နှစ်ပါးသွား"အကကို ကြိုးဆွဲနှစ်ဦးက သတ်မှတ်ထားသည့်

***စာမျက်နှာ ၁၁ ကော်လံ ၁ သို့***

**စာမျက်နှာ ၁၀ မှ**

တေးသီချင်း၊ တီးလုံး တေးသွားများ အတိုင်း ကြိုးဆွဲလှုပ်ရှားယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း။

### ခမ်းနားထည်ဝါ

**ဇာတ်သဘင်ပြိုင်ပွဲ**၌ "ရာမာယဏဇာတ်တော်ကြီး"ကို မြန်မာ့မူ မြန်မာ့ဟန်စစ်စစ်နှင့် ယခင်နှစ်များကထက်ပိုမိုပြီး အနှစ်သာရ ပေါ်လွင်စေရန် အနုပညာရသမြောက်အောင် ခမ်းနားထည်ဝါစွာဖြင့် ယှဉ်ပြိုင်ကြရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း။

အရေးပြိုင်ပွဲယှဉ်ပြိုင်ရာ၌ ယှဉ်ပြိုင်ရမည့် တေးသီချင်းခေါင်းစဉ်ကို အဆင့်အလိုက်ယှဉ်ပြိုင်မည့်နေ့တွင်သတ်မှတ်ချပြပြီး တေးသီချင်းကိုသံစဉ်တေးသွားများနှင့်တကွ ရေးဖွဲ့သီကုံးစပ်ဆိုကာ တေးသံရှင်များနှင့် သီဆိုယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း။

**အတီးပြိုင်ပွဲ** ၌ စောင်း၊ ပတ္တလား၊ စန္ဒရား၊ နှဲ၊ တယော၊ မယ်ဒလင်၊ ဂီတာ၊ ဒုံမင်းနှင့် ဆိုင်းဝိုင်းတို့ကို (တစ်ဦးချင်း) ယှဉ်ပြိုင်စေမည်ဖြစ်ပြီး အိုးစည်၊ ဒိုးပတ်နှင့် ဆိုင်းဝိုင်းကြီးတို့ကို(အဖွဲ့လိုက်) ယှဉ်ပြိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း။

ယခုပြိုင်ပွဲကြီး၌ ပြိုင်ပွဲဝင်ဦးရေ ၂၅၀၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဆုများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးရန် စီမံထားပြီးဖြစ်ကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာ အမွေအနှစ်များကို မြတ်နိုးထိန်းသိမ်းကြသူများဖြစ်သည့် ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲကြီးကိုမွန်မြတ်သော ဦးတည်ချက်များနှင့် အညီ အနှစ်သာရရှိရှိ ပျော်ရွှင်ချမ်းမြေ့စွာ ယှဉ်ပြိုင်သွားနိုင်စေရန် အဘက်ဘက်က ပြည့်စုံအောင် စနစ်တကျစီမံဆောင်ရွက်ထားပြီး ဖြစ်ကြောင်း။

### ဝမ်းမြောက်ဂုဏ်ယူ

ပြည်သူများ အနေနှင့်လည်း ဝမ်းမြောက်ဝမ်းသာ အားပေးကြည့်ရှုကြရန် စောင့်မျှော်နေကြပြီဖြစ်သည့်အတွက် ပြိုင်ပွဲအသီးသီးတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များ စိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် ယှဉ်ပြိုင်သွားကြပါရန် ဝမ်းမြောက်ဂုဏ်ယူစွာ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်ကြောင်းဖြင့် ပြောကြားသည်။

### ပြိုင်ပွဲဖွင့်လှစ်

ထို့နောက်ပြိုင်ပွဲ ကျင်းပရေးနာယကအဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ဖဲကြိုးဖြတ်၍ ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားဒုတိယပိုင်းအစီအစဉ်များကို အမျိုးသားဇာတ်ရုံခန်းမအတွင်း၌ ဆက်လက်ကျင်းပရာ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်း အစီအစဉ်တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဦးလှဝင်းနှင့် ဒေါ်သီတာဆွေတို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

**စာမျက်နှာ ၃ မှ**

ယနေ့ ပြိုင်ပွဲဝင်ခဲ့ကြသည့် အခြေခံပညာအဆင့် အသက် (၅-၁၀) နှစ် ဒိုးပတ်ပြိုင်ပွဲနှင့်ပညာရှင်အဆင့် ဒိုးပတ်ပြိုင်ပွဲတို့တွင် အတီး အကဲဖြတ်အဖွဲ့ဝင် ဦးစိန်ဘမော်နှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ အမှတ်ပေးကြသည်။

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ပတ္တလားအတီး ပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဇာတ်ရုံ၌ စတင်ကျင်းပသည်။

ဝါသနာရှင်အဆင့် (အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲတွင်**"ပပဝင်းဝင်း"** (ပတ်ပျိုး) သီချင်းဖြင့် ဧရာဝတီတိုင်းမှ မြန်မာပြည်စိမ်း၊ စစ်ကိုင်းတိုင်းမှမချိုသက်တင်၊ တနင်္သာရီတိုင်းမှမစန္ဒာမိုး၊ ပဲခူးတိုင်းမှဒေါ်မြမြဝင်း၊ ရန်ကုန်တိုင်းမှ ဒေါ်အိအိမွန်နှင့် ဒေါ်ခိုင်ဇာဝင်း၊ မန္တလေးတိုင်းမှ ဒေါ်ကြည်ကြည်စန်းနှင့် ဒေါ်ခင်သက်လွင်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့် (အမျိုးသား) အသက်(၁၅-၂၀)နှစ်ပတ္တလားအတီး ပြိုင်ပွဲတွင်**"နှုန်းနန်းထောက်စာ"**(ကြိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်စောမောင်လှိုင်၊ မကွေးတိုင်းမှ မောင်စိုးသူဝင်း၊ မန္တလေးတိုင်းမှ မောင်အောင်ချစ်ပိုင်၊ မန္တလေးတိုင်းမှ မောင်ပြည့်ဖြိုးမော်၊ စစ်ကိုင်းတိုင်းမှ မောင်ဆက်ခိုင်၊ ရခိုင်ပြည်နယ်မှ မောင်မျိုးဇော်ဟိန်း(ခ)မောင်မျိုးဇော်အောင်နှင့်ရန်ကုန်တိုင်းမှမောင်ဇော်မင်း (ခ) ဖိုးလပြည့်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါ ပတ္တလားအတီးပြိုင်ပွဲကို ပတ္တလားအတီးအမှတ်ပေးအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌဂီတလုလင်ဦးကိုကိုနှင့်အဖွဲ့ဝင်များက ကြပ်မတ်ဆောင်ရွက်ပေးကြသည်။

အောက်တိုဘာ ၁၅ ရက်တွင် ဝါသနာရှင်(အမျိုးသား၊ အမျိုးသမီး)၊ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသား၊ အမျိုးသမီး)နှင့် အခြေခံပညာအဆင့် အသက်(၅-၁၀) နှစ် (အမျိုးသား၊ အမျိုးသမီး) ဒုံမင်း အတီး ပြိုင်ပွဲများကို ဆက်လက်ကျင်းပသွား မည်ဖြစ်သည်။ **(သတင်းစဉ်)**

### အဖွင့်မိန့်ခွန်းပြောကြား

ရှေးဦးစွာ ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အဖွင့်မိန့်ခွန်း ပြောကြားသည်။

**(နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် ဂီတလုလင်ဦးကိုကို ရေးစပ်သီကုံးသော ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုတေးသီချင်းကို အနုပညာရှင်များက သီဆိုကပြဖျော်ဖြေတင်ဆက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ချစ်ကြည်ရင်းနှီးစွာနှုတ်ဆက်

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တက်ရောက်လာကြသည့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ သံရုံးယာယီ တာဝန်ခံများနှင့် စစ်သံမှူးများအား ချစ်ကြည်ရင်းနှီးစွာ နှုတ်ဆက်သည်။

ထို့နောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အမျိုးသားဇာတ်ရုံ၌ စတင်ကျင်းပယှဉ်ပြိုင်သည့် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပညာရှင်အဆင့် အမျိုးသမီးအက ပြိုင်ပွဲကို ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**



# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မလေးရှားနိုင်ငံကုမ္ပဏီမှဧည့်သည်အဖွဲ့အားလက်ခံတွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၁၄

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မလေးရှားနိုင်ငံ Texchem Group of Companies ၏ Chairman & Chief Executive Officer နှင့် A.S.K Andaman Ltd (Myanmar) ၏ Chairman Dato' Seri Fumihiko Konishi နှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (အပေါ်ပုံ)

### တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

ယင်းသို့ လက်ခံတွေ့ဆုံရာတွင် မလေးရှားနိုင်ငံ ဧည့်သည်အဖွဲ့က မြန်မာနိုင်ငံ၌ ရေလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များကို တင်ပြဆွေးနွေးသည်။ **(သတင်းစဉ်)**

### မိုးရွာနှုန်း ၆၀

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။**

### မြန်မာ့ရုပ်မြင်သံကြား

**၁၅-၁၀-၂၀၀၄ (သောကြာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၅ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၈:၂၀ ၈။ ဇော်ဂျီရေထိန်းဆည်
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ English for Everyday Use

**ညပိုင်း**

၁၅:၂၀ ၁။ **၂၀၀၄ ခုနှစ် အကြိမ်(၂၀) မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက် (၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပထမအကြိမ်ဗိုလ်လုပွဲ)**
၁၇:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၇:၃၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၄၅ ၄။ နည်းစနစ်မှန်မှန်အားကစား အခြေခံ
၁၈:၀၀ ၅။ ဂီတမဟာပျော်စရာ
၁၈:၁၀ ၆။ နှောင်းခေတ်တေးပဒေသာ
၁၈:၂၅ ၇။ Discovery
၁၈:၃၀ ၈။ ညနေခင်းသတင်း
၁၉:၀၀ ၉။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန် လူကောင်း"** (အပိုင်း-၂၀)
၁၉:၄၀ ၁၁။ ရောင်ဝါထွန်းပနေလပမာ သာသနာ (ပဲခူးမြို့၊ ကြခတ်ဝိုင်း)
၂၀:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ
၁၆။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ဂုဏ်ပြုအငြိမ့် (မင်းသမီး-ဇာနည်အောင်၊ လူရွှင်တော်-ပေါက်စီ၊ ဂွတ်ရှယ်၊ ပန်းသီး၊ ကုလားမ၊ ဂျိုးသိမ်း၊ လမုန့်)(ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန)**
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

## ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

| နေရာ | | (အမျိုးသားပြတိုက်) | (အမျိုးသားဇာတ်ရုံ) | (ပန်တျာကျောင်း) | (ကမ္ဘောဇဇာတ်ရုံ) | (ပဒုမ္မာဇာတ်ရုံ) |
|---|---|---|---|---|---|---|
| စဉ် | ရက်စွဲ | အဆို | အက/ဇာတ်သဘင် | အရေး | အတီး | အတီး |
| ၂။ | ၁၅-၁၀-၂၀၀၄<br>(သောကြာနေ့) | **မဟာဂီတ** (နံနက်)<br>(၁) အဆင့်မြင့်(ကျား)<br>**မဟာဂီတ**(နေ့လယ်)<br>(၂) အခြေခံ(၁၀-၁၅)(မ) | **အမျိုးသားအက** (နံနက်)<br>(၁) အဆင့်မြင့်<br>**အမျိုးသမီးအက**<br>(နေ့လယ်)<br>(၂) အခြေခံ(၅-၁၀)<br>**ရာမာယဏဇာတ်တော်ကြီး**<br>(ညပိုင်း) မကွေးတိုင်း<br>တိုင်းချစ်တင်ဌေး<br>ဇာတ်အဖွဲ့ | **သီချင်းစာသားရေး**<br>**တေးသွားထည့်**<br>(၁) အခြေခံ(၁၀-၁၅)<br>(၂) ဝါသနာရှင် | **ဒုံမင်း**<br>(၁) ဝါသနာရှင်<br>(ကျား)(နံနက်)<br>(၂) အခြေခံ(၁၅-၂၀)<br>(ကျား)(နေ့လယ်)<br>(၃) အခြေခံ(၅-၁၀)<br>(ကျား+မ)(နေ့လယ်) | **ဆိုင်းတစ်ဦးချင်း**<br>(၁) ပညာရှင်(မ)(နံနက်)<br>(၂) အခြေခံ(၁၅-၂၀)(မ)<br>(နေ့လယ်)<br>(၃) အခြေခံ(၅-၁၀)(မ)<br>(နေ့လယ်) |
| ၃။ | ၁၆-၁၀-၂၀၀၄<br>(စနေနေ့) | **ဓမ္မပူဇာတေး** (နံနက်)<br>(၁) အခြေခံ(၅-၁၀)<br>(ကျား)<br>**ခေတ်ဟောင်း/ကာလပေါ်**<br>(နေ့လယ်)<br>(၂) အဆင့်မြင့်(မ) | **အမျိုးသားအက** (နံနက်)<br>(၁) ဝါသနာရှင်<br>**အမျိုးသမီးအက**<br>(နေ့လယ်)<br>(၂) အခြေခံ(၁၀-၁၅)<br>**ရာမာယဏဇာတ်တော်ကြီး**<br>(ညပိုင်း) | **သီချင်းစာသားရေး**<br>**တေးသွားထည့်**<br>(၁) အခြေခံ(၁၅-၂၀)<br>(၂) ပညာရှင် | **တယော**<br>(၁) ပညာရှင်(ကျား+မ)<br>(နံနက်)<br>(၂) အခြေခံ(၅-၁၀)<br>(ကျား+မ)(နေ့လယ်) | **ဆိုင်းအဖွဲ့လိုက်**<br>(၁) ပညာရှင်(ကျား)<br>(နံနက်)<br>(၂) အခြေခံ(၁၅-၂၀)<br>(ကျား)(နေ့လယ်) |





**စာမျက်နှာ ၇မှ**

များကို အလေးထား ကူညီပံ့ပိုးပေးမည်ဆိုသည့် သဘောထားဖြင့် နိုင်ငံတော်တာဝန်ရှိ ပုဂ္ဂိုလ်များကိုယ်တိုင် အခြေခံဒေသများသို့ ယခုကဲ့သို့ လှည့်လည်သွားရောက် စီမံဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ဤကဲ့သို့ အစွန်အဖျား ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၌ နောက်ကျကျန်နေခြင်းမဖြစ်စေရအောင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကျေးလက်ဒေသများ၏ အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းမြှင့်တင်ပေးနိုင်မည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်ကို လမ်းညွှန်ချမှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ခံများသည် အဓိကတာဝန်အရှိဆုံးဖြစ်ရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်ကို ထိရောက်စွာ အကောင်အထည်ဖော်ရန် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တိကျသည့်လုပ်ငန်း တာဝန်များ သတ်မှတ်တာဝန်ပေးအပ်ခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် မြို့နယ်အဆင့် တာဝန်ရှိသူများအားလုံးက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ် လက်တွေ့ကျကျအကောင်အထည် ပေါ်လာသည်အထိ ရည်မှန်းချက်ရှိရှိဖြင့် တာဝန်ကျေပွန်စွာ ထမ်းရွက်ကြဖို့ မှာကြားလိုကြောင်း၊ မိမိတို့ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြပြီး အထက်အဖွဲ့အစည်းများက ပံ့ပိုးဆောင်ရွက်မှ အောင်မြင်နိုင်မည့် လုပ်ငန်းများကိုလည်း အထက်အဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားကြဖို့လိုကြောင်း။

## ညီညီညွတ်ညွတ်ဆောင်ရွက်

လုပ်ငန်းများဆောင်ရွက်ရာ၌လည်း ဌာနဆိုင်ရာတစ်ခုချင်း သီးသီးသန့်သန့်ဆောင်ရွက်နေသည်ထက် လုပ်ငန်းကဏ္ဍအလိုက် ဖွဲ့စည်းပေးထားသည့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မြို့စည်ပင်သာယာရေး စသည့်ကော်မတီများအလိုက် စုပေါင်းဦးဆောင်မှု၊ စုပေါင်းဆောင်ရွက်မှု၊ စုပေါင်းတာဝန်ယူမှုတို့ဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆောင်ရွက်ကြဖို့ မှာကြားလိုကြောင်း။

မိမိတို့ တာဝန်ကျရာမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးတောင့်တင်းခိုင်မာရေး၊ ဒေသအတွင်းရှိ ပြည်သူများ၏လူနေမှု အဆင့်အတန်းတိုးတက်မြင့်မားရေးတို့အတွက် မိမိတို့၌ တာဝန်ရှိသည်ဆိုသည့် ခံယူချက်ဖြင့် ခွန်စိုက်အားစိုက် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

## စီးပွားရေးခိုင်မာလာမည်

ဒေသ၏စီးပွားရေး တိုးတက်ဖြစ်ထွန်းရေးအတွက် ပုဂ္ဂလိကကဏ္ဍကိုအားပေးဆောင်ရွက်ကြဖို့ မိမိတို့ဒေသတွင် ဖူလုံမှုမရှိသေးသည့် ထွက်ကုန်များသာမက မိမိတို့ဒေသအတွက် ဖူလုံပိုလျှံသော ထွက်ကုန်များကိုသာ တိုးမြှင့်ထုတ်လုပ်နိုင်သည်ထက် တိုးမြှင့်ထုတ်လုပ်နိုင်စေရအောင် တီထွင်ကြံဆစည်းရုံးဦးဆောင် အားပေးကူညီကြဖို့ မှာကြားလိုကြောင်း၊ သို့မှသာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဒေသတစ်ခုနှင့်တစ်ခု အပြန်အလှန် အထောက်အကူပြုမှု၊ အပြန်အလှန် အကျိုးဖြစ်ထွန်းစေမှုတို့ ဖြစ်ထွန်းလာပြီး အမျိုးသားစီးပွားရေးဘဝလည်း ပိုမိုတောင့်တင်းခိုင်မာလာမှာဖြစ်ကြောင်း။

## ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားစီးပွားရေးဘဝ တိုးတက်တောင့်တင်းခိုင်မာစေရေး၊ ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေး၊ နိုင်ငံတော်၏ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အစိတ်အပိုင်းဒေသများအားလုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရအောင် ဘက်စုံကဏ္ဍစုံ နယ်ပယ်စုံမှာ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အစိုးရက ပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ပြည်သူများအပိုင်းကလည်း မိမိတို့တွင်လည်းတာဝန်ရှိသည်ဟု ခံယူပြီး တုံ့ပြန်တာဝန်ယူဆောင်ရွက်ကြဖို့လိုကြောင်း။

## အမြဲမပြတ်ဖြည့်ဆည်းပေး

နိုင်ငံတော်အစိုးရနှင့် ပြည်သူသည် ခွဲခြားမရအောင် အစဉ်အမြဲဒွန်တွဲနေသည်နှင့်အညီ နိုင်ငံတော်အစိုးရနှင့် ပြည်သူတစ်သားတည်းရှိဖို့ လိုကြောင်း၊ နိုင်ငံတော်အစိုးရက ပြည်သူများအပေါ်၊ မိဘက သားသမီးများအပေါ် ထားရှိသည့် သဘောထားဖြင့် ပြည်သူများ၏ လိုအပ်ချက်၊ ပြည်သူများ၏ အကျိုးစီးပွားကို အမြဲမပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်းကို သိမြင်သဘောပေါက်ရန်လိုကြောင်း။

ယခုအချိန်အခါတွင် အမျိုးသားရေး မျှော်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

## ရည်မှန်းချက်ပန်းတိုင်ရောက်နိုင်

အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအပါအဝင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ဖြစ်ထွန်းရေးတွင် နိုင်ငံတော်အစိုးရနှင့် ပြည်သူတစ်သားတည်းဖြစ်ပြီး တစ်စိတ်တည်း တစ်ဝမ်းတည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါမှ ရည်မှန်းချက်ပန်းတိုင်သို့ မြန်ဆန်ချောမွေ့စွာ ရောက်ရှိနိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြည့်မြောက်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများအားလုံးက ညီညီညွတ်ညွတ် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရေကြည်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သင်ထောက်ကူပစ္စည်းများဖြစ်သည့် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ ရုပ်မြင်သံကြားဖမ်းစက်နှင့် ဗွီစီဒီစက်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးဒေါ်အေးမြင့်က လက်ခံသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

## ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရေကြည်မြို့နယ် အိမ်တွင်းမှုလုပ်ငန်း ထုတ်ကုန် ဝါးထည်ပစ္စည်းများနှင့် ကြိမ်ထည်ပစ္စည်းလက်ရာများကို ကြည့်ရှုအားပေးကြသည်။

## ဇလွန်မြို့ရောက်ရှိ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ရေကြည်မြို့မှ ဇလွန်မြို့သို့ မွန်းလွဲ ၂နာရီတွင်ရောက်ရှိကြသည်။

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ အောက်တိုဘာ ၁၂ရက်က ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကြစဉ်။**
**(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဘိုနီ၊ ဟင်္သာတခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ပြုံးနှင့် ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဇလွန်မြို့မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့်ဂေါပကအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

## ဖူးမြော်ကြည်ညို

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဂန္ဓကုဋိတိုက်အတွင်းရှိ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားအား ပန်း၊ ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာများဖြင့် ကပ်လှူပူဇော်ကာ ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြည်တော်ပြန် မြတ်စွာဘုရားအား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြည်တော်ပြန်မြတ်စွာဘုရားကြီး ဘက်စုံတည်ဆောက်ရေး လုပ်ငန်းများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများက ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားနေ့စဉ်နံနက် ရောင်တော်ဖွင့်စဉ်ပန်းကပ်လှူရန် ရွှေဖလားတော်အတွက် အလှူငွေကျပ်သိန်း ၅၀ကို ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့်ဂေါပကအဖွဲ့ဝင်များက လက်ခံကြပြီး ဇလွန်ပြည်တော်ပြန်မြတ်စွာဘုရားပုံတော်အား ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

## အမှာစကားပြောကြား

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဇလွန်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမသို့ရောက်ရှိကြပြီး ဟင်္သာတခရိုင်နှင့် ခရိုင်အတွင်းရှိ မြန်အောင်၊

*စာမျက်နှာ ၁၃ ကော်လံ ၁*

**ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်ရှိ စွမ်းအင်ဝန်ကြီးဌာန အဖျောက် သဘာဝဓာတ်ငွေ့နယ်မြေရှိ စက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)**



**စာမျက်နှာ ၁၂ မှ**

ကြံခင်း၊ အင်္ဂပူ၊ လေးမျက်နှာ၊ ဟင်္သာတနှင့် ဇလွန်မြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံကာ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဟင်္သာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ပြုံးက ခရိုင်အတွင်း မြေယာအသုံးချမှု အခြေအနေ၊ ဒေသအတွင်း ဆန်ဖူလုံမှု၊ စီမံကိန်းလျာထားချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ ခရိုင်အတွင်းရှိ မြို့နယ်များ၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများက ခရိုင်နှင့်မြို့နယ်အလိုက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်ချက်များအပေါ် စိစစ်မေးမြန်းကာ ဆောင်ရွက်ပေးသင့်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် မိမိနှင့်အတူ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ပုသိမ်ခရိုင်နှင့် ဟင်္သာတခရိုင်အတွင်း သုံးရက်ခရီး လှည့်လည်သွားရောက်လျက် မြို့နယ်အသီးသီး၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားသော ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း။

ယခုသုံးရက်အတွင်း မိမိတို့ရောက်ရှိသည့် မြို့နယ်များ၊ သက်ဆိုင်ရာခရိုင်အတွင်းရှိ မြို့နယ်များတွင်ရှိသော မြို့နယ်ဆေးရုံကြီးများ အားလုံးကို (၂၅)ခုတင်ဆံ့ဆေးရုံအဆင့်သို့ တိုးမြှင့်ရေးစီမံဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့အပြင် ကျေးလက်ဒေသများရှိ အခြေခံပညာကျောင်းပေါင်းများစွာကိုလည်း အဆင့်ဆင့်တိုးမြှင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျေးလက်အစွန်အဖျားဒေသများရှိ ကျောင်းသူ ကျောင်းသား လူငယ်များအတွက် ခရီးကွာဝေးသော နေရာဒေသများသို့ မသွားရောက်ရဘဲ မိမိတို့ဒေသအတွင်းမှာပင် မူလတန်းမှ အလယ်တန်း၊ အလယ်တန်းမှအထက်တန်း အဆင့်ဆင့် တက်လှမ်းသင်ယူနိုင်ကြစေရန်အတွက် အဆင့်တိုးပေးသင့်သော အခြေခံကျောင်းများကို အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ တစ်ပိုင်းမှလည်း ကျေးလက်ဒေသတွင် ပညာတတ်များပေါ်များပြီး ကျေးလက်၏ ပညာရေးအဆင့်အတန်းမြင့်မားမှသာ ကျေးလက်ဒေသများ အမှန်တကယ်ဖွံ့ဖြိုးတိုးတက်နိုင်မည်ဆိုသည့် သဘောထားဖြင့် စီမံဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

**ပေါင်းစပ်ဆောင်ရွက်**

ဤကဲ့သို့ နိုင်ငံတော် တာဝန်ရှိသူများကိုယ်တိုင် အခြေခံဒေသများ ဖြစ်သော မြို့နယ်နှင့်ကျေးလက်များသို့လာရောက်ပြီး ဒေသ၏လိုအပ်မှုများကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေတွင် တိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီပေးမှုများအပေါ် အခြေခံပြီး မိမိတို့တိုင်း၊ ခရိုင်၊ မြို့နယ်ဒေသများ ဖွံ့ဖြိုးတိုးတက် စေရေအောင်၊ ဒေသ၏စီးပွားရေး တိုးတက်ဖြစ်ထွန်းစေရေအောင်၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရေအောင် လုံ့လ၊ ဝီရိယအား၊ စေတနာအား၊ တီထွင်ကြံဆမှုအားများကို စုစည်းပေါင်းစပ်ဆောင်ရွက်ကြဖို့ မှာကြားလိုကြောင်း။

ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ပြည်သူနှင့် ကင်းကွာနေ၍မရဘဲ ကျေးလက်များအထိ ကွင်းဆင်းကာ ပြည်သူနှင့်တစ်သားတည်းရှိပါမှ ပြည်သူ၏ ပူးပေါင်းပါဝင်မှုရရှိပြီး မိမိတို့၏ လုပ်ငန်းတာဝန်များလည်း ရည်မှန်းချက်နှင့်အညီ ပြည့်ပြည့်ဝဝ အောင်မြင်ဖြစ်ထွန်းနိုင်မှာဖြစ်ကြောင်း။

**အင်ပြည့်အားပြည့်ဆောင်ရွက်**

မိမိတို့ဒေသအတွင်း ဖွဲ့စည်းထားပြီးဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီအသင်း၊ မီးသတ်တပ်ဖွဲ့စသည့် လူမှုရေးအသင်းအဖွဲ့များကို ပံ့ပိုးကူညီအားပေးမှသာ ယင်းအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားကိုရရှိပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အင်ပြည့်အားပြည့် ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း။

ပြည်သူများ၏ ပူးပေါင်းပါဝင်မှုစွမ်းအား၊ လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုစွမ်းအား၊ မိမိတို့ဌာနဆိုင်ရာ တာဝန်ရှိသူများဖြင့် ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီများ၏စွမ်းအားတို့ကို ပေါင်းစည်းပြီး မိမိမြို့နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသ၏စီးပွားရေး တောင့်တင်းခိုင်မာရေး၊ ပြည်သူများ၏လူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားရေးတို့အတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇလွန်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် သင်ကြားမှု သင်ယူမှုအထောက်အကူပြု ပစ္စည်းများဖြစ်သည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ရုပ်မြင်သံကြားဖမ်းစက်နှင့် ဗွီစီဒီစက်များကို မြို့နယ်ပညာရေးမှူး ဦးလှသိန်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ဘီဘီအောင်တို့အားပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိ ရပ်ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်ရှိ စွမ်းအင်ဝန်ကြီးဌာန၏ အဖျောက်သဘာဝဓာတ်ငွေ့မြေသို့ ညနေ၅နာရီတွင် ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား အဖျောက်သဘာဝဓာတ်ငွေ့မြေတွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေးနှင့် အဖျောက်သဘာဝဓာတ်ငွေ့မြေမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

**ကြိုးပမ်းဆောင်ရွက်**

ယင်းနောက် အဖျောက်သဘာဝဓာတ်ငွေ့မြေရုံး အစည်းအဝေးခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဖျောက်သဘာဝဓာတ်ငွေ့မြေ၏ ရေနံရှာဖွေရေး နောက်ခံသမိုင်းကြောင်းနှင့် ဘူမိအနေအထား၊ အဖျောက်သဘာဝ ဓာတ်ငွေ့မြေမှ သဘာဝဓာတ်ငွေ့ထုတ်လုပ်ဖြန့်ဖြူးနိုင်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှုနှင့် ဓာတ်ငွေ့ပိုက်လိုင်းများ တိုးချဲ့သွယ်တန်းပြီးသဘာဝဓာတ်ငွေ့တိုးချဲ့ ဖြန့်ဖြူးနိုင်မှု အခြေအနေတို့ကိုလည်းကောင်း၊ နိုင်ငံတော်အစိုးရဌာနစက်ရုံအလုပ်ရုံများ၊ အကြီးစားစက်မှုလုပ်ငန်းများ၌ သဘာဝဓာတ်ငွေ့အသုံးပြုမှု အခြေအနေ၊ ရဲတံခွန်၊ ရတနာကမ်းလွန် သဘာဝဓာတ်ငွေ့စီမံကိန်းများမှ ပိုက်လိုင်းဖြင့် သဘာဝဓာတ်ငွေ့ပို့လွှတ်ရောင်းချနေမှုအခြေအနေ၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့၌ CNG ဆိုင်များ ဆောက်လုပ်ဖြန့်ဖြူးနေမှုနှင့် တိုးချဲ့ဆောက်လုပ်ဖြန့်ဖြူးသွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြပါအစီအမံအတိုင်း ဆောင်ရွက်ဖွယ်ရာများကို သွက်လက်စွာဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

**အမြန်ဆုံး**

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အဖျောက်မှ ဥတိုလမ်း ပြုပြင်မွမ်းမံရေးနှင့် လမ်းပိုင်းပေါ်ရှိတံတားများ အခြေအနေကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လမ်းတံတားများကို အမြန်ဆုံးတည်ဆောက်ပြုပြင်သွားကြရေး မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ ညပိုင်းတွင်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

## ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရန် ကြေညာချက်ထုတ်ပြန်

**ရန်ကုန် အောက်တိုဘာ ၁၄**

၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ရန်အတွက် မိမိတို့ စာမေးပွဲဖြေဆိုခဲ့ကြသော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်း မှတ်တမ်းချုပ်ရမှတ် အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရမည့် ပုံစံများကို ၈-၁၀-၂၀၀၄ ရက်(သောကြာနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်သည်။

**ဆက်သွယ်စုံစမ်းနိုင်**

တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာများကို ၈-၁၀-၂၀၀၄ ရက်မှ ၂၂-၁၀-၂၀၀၄ရက်ထိ စနေ၊တနင်္ဂနွေ ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)သို့ တိုက်ရိုက် လျှောက်ထားနိုင်ပြီး အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၃၁၄၇၊ ၅၃၇၆၇၇၊ ၅၂၅၆၁၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ပြန်လည်ရောက်ရှိ အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအဝေးတက်ရောက်ခဲ့

ရန်ကုန် အောက်တိုဘာ ၁၄

**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ အောက်တိုဘာ၁၁ရက်မှ ၁၂ရက်အထိ ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အာဆီယံအစည်းအဝေးကြီး၏ နည်းပညာအစည်းအဝေး (Technical Meeting of the 12th ASEAN Conference on Civil Service Matters)နှင့် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများ၏အစည်းအဝေး(ASEAN Heads of Civil Services Meeting)သို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။**



ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌဒေါက်တာသန်းညွန့်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား တရားသူကြီးချုပ် ဦးအောင်တိုး၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးညွန့်ဆွေ၊ ဦးအောင်မြင့်နှင့် ဦးလှမြင့်ဦး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်နှင့် အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်လည်း ပြန်လည်လိုက်ပါလာသည်။ **(သတင်းစဉ်)**



## ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ ရုပ်ရှင်ထုတ်လုပ်ရေးအဖွဲ့ တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ Polyphon ရုပ်ရှင်ထုတ်လုပ်ရေးမှ Executive Producer, Mr. Frank Buchs နှင့်အဖွဲ့သည် ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးခန်းသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

ယင်းသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး စိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဒေါ်မြမြနှင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဗိုလ်မှူးရဲတင့်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## အပါယ်ပိတ်ရွှေစေတီဗုဒ္ဓပူဇနိယပူဇော်ပွဲအထိမ်းအမှတ် ဓမ္မသဘင်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်

**ပခုက္ကူ အောက်တိုဘာ ၅**

ပခုက္ကူမြို့ တိလောကာရာမတိုက် (သံခိပ်) အမှတ် (၁၂)ဘုန်းတော်ကြီးသင်ပညာရေးကျောင်း အပါယ်ပိတ်ရွှေစေတီ (၁၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပူဇော်ပွဲတော် အထိမ်းအမှတ် ဓမ္မသဘင်ပွဲကို သီတင်းကျွတ်လဆန်း ၅ရက်နှင့် ၆ရက် (အောက်တိုဘာ ၁၈နှင့် ၁၉ရက်)တွင် နိုင်ငံကျော်ဓမ္မကထိက၊ ဖြူးဆရာတော် ဘဒ္ဒန္တနရပတိအရှင်သူမြတ်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ပြီး အောက်တိုဘာ ၂၁ရက် မွန်းလွဲ ၂နာရီတွင် သံဃာတော် ၁၀၈ပါးတို့အား ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲကျင်းပမည်ဖြစ်သည်။ စေတနာအလှူရှင်များ ပါဝင်လှူဒါန်းလိုပါက ဖုန်းအမှတ် ၀၆၂-၂၂၅၉၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၄၁၃)**



ကျောက်တန်းမြို့ နာရေး ကူညီမှု အဖွဲ့ သို့ ကျောက် တန်းမြို့ အရှေ့ ပိုင်း ရပ် ကွက် နေ ဦးရွှေ-(ဒေါ်မိ) မိသားစု ဝါး၊ဓနိ လုပ်ငန်းနှင့် ရွှေ မိသားစု ဆန်ရောင်း ဝယ် ရေး က ဒု တိ ယ အကြိမ် အလှူငွေ ကျပ် တစ်သိန်းတစ်သောင်းကို အောက်တိုဘာ ၁၁ရက်က ပေးအပ်လှူဒါန်းရာ ကျောက်တန်းမြို့ နာရေးကူညီမှုအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းရွှေက လက်ခံရယူစဉ်။ (မြို့နယ် ပြန်/ဆက်)

## ကွင်းဆင်း စစ်ဆေး

သံတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိ **ဦးထွန်းအောင်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးဆလိုင်းအောင်တင်တို့ စက်တင်ဘာ ၂၈ရက်က ဥသျှစ်ကုန်းကျေးလက်ကျောက်ချောလမ်း ဆောင်ရွက်ပြီးစီးမှုကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦး ကွင်းဆင်းကြည့်ရှုကြစဉ်။**

(မြို့နယ် ပြန်/ဆက်)

## အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ မြစ်ကြီးနားတွင်ကျင်းပ

**မြစ်ကြီးနား အောက်တိုဘာ ၈**

ကချင်ပြည်နယ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁ရက်က မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဇနီး ဒေါ်တင်တင်နွဲ့နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းမှူးက အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဇနီးဒေါ်တင်တင်နွဲ့နှင့် ဧည့်ပရိသတ်များက အသက် ၇၀နှင့်အထက် သက်ကြီးအဘိုးအဘွား ၄၇ဦးတို့အား ဂါရဝပြုကန်တော့ကြပြီး အဝတ်အထည်များ၊ အားဖြည့်အစားအစာများ၊ အားဆေးများနှင့် လှူဒါန်းဖွယ်ရာများ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



## မေတ္တာအေးဆရာတော် ဝါတွင်းတရားပွဲ

**ရန်ကုန် အောက်တိုဘာ ၁၄**

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် စံပြရပ်ကွက် ၅လမ်း မေတ္တာအေးမဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ မဟာစည်နယ်လှည့် ဓမ္မကထိက ဆရာတော်ဘဒ္ဒန္တသုဇာတမထေရ်မြတ်သည် သီတင်းကျွတ်လဆန်း ၈ရက် မွန်းလွဲ ၂နာရီတွင် သဃ်န်းကျွန်းမြို့နယ် ဆ/ခရပ်ကွက် မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ ဓမ္မာရုံ၌လည်းကောင်း၊ ညနေ ၃နာရီတွင်မရမ်းကုန်းမြို့နယ်ကျိုက်ဝိုင်း ဒက္ခိဏာရုံကျောင်း ၌လည်းကောင်း၊ ည ၇ နာရီတွင်ဒဂုံ မြို့သစ်အရှေ့ပိုင်း (၁၃)ရပ်ကွက် ရတနာမြိုင် သာသနာ့ရိပ်သာ၌လည်းကောင်း၊ သီတင်းကျွတ်လပြည့်နေ့ မွန်းလွဲ၁နာရီတွင် သဃ်န်းကျွန်းမြို့နယ် ဇဝနရပ်ကွက် သာသနရက္ခိတ ဓမ္မာရုံ၌လည်းကောင်း၊ ညနေ ၃နာရီတွင် တောင်ဥက္ကလာပမြို့နယ် (၁၁)ရပ်ကွက် မာဃဓမ္မာရုံ၌လည်းကောင်း၊ ည ၇နာရီတွင် သဃ်န်းကျွန်းမြို့နယ် ၁၆/၂ ရပ်ကွက် သာသနဟိတကာရီ ဓမ္မာရုံ၌လည်းကောင်း မဟာစည်သတိပဋ္ဌာန်ဝိပဿနာတရားတော်များ ဟောကြားမည်ဟုသိရသည်။**(က-ပ)**



## အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ် သက်ကြီးပူဇော်ပွဲ အခမ်းအနား သံတွဲမြို့နယ်တွင်ကျင်းပ

**သံတွဲ အောက်တိုဘာ ၈**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် သက်ကြီးပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၁ရက်က ရခိုင်ပြည်နယ် သံတွဲမြို့ ဒွါရာဝတီ မြို့နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ အသက် ၈၃နှစ်မှ ၁၀၃နှစ်ရှိ အဘိုးအဘွားများအား သံတွဲခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်နှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ အဖွဲ့ဝင်များ၊ အလှူရှင်မိဘပြည်သူများ တက်ရောက်ကြသည်။

### စုပေါင်းကန်တော့

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးအောင်ကျော်မြင့်က သက်ကြီးပူဇော်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အဘိုးအဘွားများအား စုပေါင်းကန်တော့ကြသည်။

### ပေးအပ်လှူဒါန်း

ဆက်လက်၍ အဘိုးအဘွားများအား လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်က၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(အပေါ်ဓါတ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

## ရေးမြို့နယ်ဥက္ကဋ္ဌဖလားရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်

**ရေး အောက်တိုဘာ ၉**

ရေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်၊ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃ရက်က ရေးမြို့ အခြေခံပညာ အထက်တန်းကျောင်းအမှတ်(၁)ကွင်းတွင် ကျင်းပရာ ဗိုလ်မှူးချုပ်ရဲဝင်း၊ ဇနီးဒေါ်အိအိခိုင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးပြီး မြို့နယ်ဥက္ကဋ္ဌ ဦးဌေးဝင်းအား ပြိုင်ပွဲဝင်ရပ်ကွက်၊ ကျေးရွာများမှ အသင်း ၁၅သင်းတို့က ချီတက်အလေးပြုကြသည်။ **(အောက်ပုံ)**

ရေးဦးစွာ ပြိုင်ပွဲဖွင့်ပွဲတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာတီးဝိုင်းများဖြင့်ဧည့်ခံပြီး မြို့နယ်ဥက္ကဋ္ဌဦးဌေးဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ဘောလုံးကန်၍ စတင်ဖွင့်လှစ်ပေးလိုက်သည်။

ကွင်းဖွင့်ပွဲတွင် ရန်မျိုးအောင်ရပ်ကွက်အသင်းနှင့် အစင်ကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျသွားသည်။

**(မြို့နယ် ပြန်/ဆက်)**





**သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ အခြေခံပညာ အထက်တန်းကျောင်း ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၄ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦးက ပဋ္ဌမတန်း ကျောင်းသူ မနီလာထွန်းအား ဆုချီးမြှင့်စဉ်။** (မြို့နယ် ပြန်/ဆက်)



**ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဗျားနို စက်တင်ဘာ ၂၃ ရက်က ကလော မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများနှင့် ခရိုင်ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ စိုက်ပျိုးမှုကိုကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းလှနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမင်းအောင်မြင့်စိုးတို့က ရှင်းလင်းပြသကြစဉ်။**

(နယ်စပ်/စည်ပင်)

## ရွှေကျင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင်ထူးချွန်စွာ အောင်မြင်သူများအား ဂုဏ်ပြု

**ရွှေကျင် အောက်တိုဘာ ၁၀**

ရွှေကျင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ကြသူများ ဂုဏ်ပြုပွဲအခမ်းအနားကို အောက်တိုဘာ ၈ ရက်က မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စည်းဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးထွေးမြင့်က အမှာစကားပြောကြားပြီး ထူးချွန်စွာ အောင်မြင်သည့် ကျောင်းများ၊ ဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ဆရာဆရာမများနှင့် ဂုဏ်ထူးရရှိသည့် ကျောင်းသား ကျောင်းသူ ၁၃ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြို့နယ်ဝန်ထမ်း ပေါင်းစုံ လူမှုရေးကူညီထောက်ပံ့မှုအဖွဲ့က ဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ဆရာ ဆရာမများ၊ ဌာနဆိုင်ရာဝန်ထမ်း များ၏ မိသားစုများထဲမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သော ကျောင်းသား ကျောင်းသူ၁၄ဦးတို့အား တာဝန်ရှိသူတို့က ဂုဏ်ပြု မှတ်တမ်းလွှာနှင့်ဆုငွေများ ပေးအပ်ကြသည်။**(မြို့နယ် ပြန်/ဆက်)**

# နေပြည်တော်မြို့ ရှေးဟောင်းသမိုင်းဝင် ကျိုက္ကလွန်ဗွန်းစေတီ ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၃

**နေပြည်တော်မြို့ ရှေးဟောင်းသမိုင်းဝင် ကျိုက္ကလွန်ဗွန်းစေတီ၏ (၁၃၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယ ဘုရားပွဲတော်ကို ၁၃၆၆ခုနှစ် သီတင်းကျွတ်လဆန်း ၁၂ ရက်မှ လပြည့်ကျော် ၁ရက်နေ့မှစ၍ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။**

**ကပ်လှူပူဇော်**

၁၃၆၆ ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ရက်နှင့် ၁၄ ရက်တို့တွင် သံဃာ့ဒါနဆွမ်းလောင်းအသင်း ခုနစ်သင်းက အလှည့်ကျဆွမ်းတော်ကြီးကပ်လှူရန် မြို့တွင်းသို့ယိမ်းအကအလှများဖြင့် လှည့်လည်ဖျော်ဖြေခြင်းနှင့် စေတီတော်မြတ်ကြီးအား ဆွမ်းတော်ကပ်လှူပူဇော်ခြင်းများဖြင့် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**





**စက်တင်ဘာ ၉ ရက်က ပဲခူးခရိုင်အတွင်းရှိ မီးသတ်ယာဉ်စက်များ ကောင်းမွန်အသင့် ရှိစေရေးအတွက် ပဲခူးမီးသတ်စခန်းရှိ မီးသတ်ယာဉ်စက်များကို ပဲခူးတိုင်း မီးသတ်ဦးစီးဌာနမှူး ရဲကျော်စွာဝင်းမြင့်နှင့် ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးအောင်ရွှေထွန်း ကွင်းဆင်းစစ်ဆေးကြစဉ်။**

(ခရိုင် ပြန်/ဆက်)

# အိမ်တွင်းမှ သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ အလှူငွေပေးအပ်

**မြဝတီ အောက်တိုဘာ ၈**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကရင်ပြည်နယ် မြဝတီခရိုင် အိမ်တွင်းမှ သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ၄ရက်က အဆိုပါ သင်တန်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် သဘာပတိ ဗိုလ်မှူးကြီးလှဖြိုးက အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်များဖြစ်ကြသော ဗိုလ်မှူးကြီးလှဖြိုး၊ မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်ဦးတို့က ကျပ်တစ်သိန်းစီနှင့် ဦးစောမိုးသိုနှင့်မိသားစုတို့က အလှူငွေကျပ် ၁၅သိန်းကို သင်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုမြင့်ထံ ပေးအပ် လှူဒါန်းကြသည်။ **(အပေါ်ပုံ)** အလှူရှင် ဦးစောမိုးသိုက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

(၂၂၂)

# ကျောက်မဲမြို့နယ် လမင်းသာ စာကြည့်တိုက်ဖွင့်

**ကျောက်မဲ စက်တင်ဘာ ၃၀**

ကျောက်မဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ စက်တင်ဘာ ၁၉ ရက်က စခန်းသာကျေးရွာတွင် ကိုယ့်အား ကိုယ်ကိုး လမင်းသာ စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပရာ မြို့နယ်အသင်းအတွင်းရေးမှူး ဦးကျော်လွင်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးကျော်ဝင်းကိုနှင့် စခန်းသာ ကျေးရွာဥက္ကဋ္ဌဦးကျော်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်အသင်းအတွင်းရေးမှူး ဦးကျော်လွင်နှင့်လက်ထောက် မြို့နယ်ပညာရေးမှူး ဦးကျော်ဆွေတို့က အမှာစကားပြောကြားကြပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဝင်းကိုက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေးတို့ကို ရှင်းလင်းပြောကြားကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# နွားထိုးကြီးမြို့ ကျေးလက်ကျောင်းများ ပြုပြင်ရန်အလှူငွေပေးအပ်လှူဒါန်း

**နွားထိုးကြီး အောက်တိုဘာ ၈**

နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသ အခြေခံပညာ ကျောင်းများ ပြုပြင်ရန်အတွက် နွားထိုးကြီးမြို့နယ် ကျေးလက် ဒေသရန်ပုံငွေပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂၆ ရက်က စွာကြီးစံပြကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း မေတ္တာမွန်ခန်းမတွင် ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး၊ အလှူရှင်ဦးမြင့်သိန်းက မွေးနေ့အထိမ်းအမှတ်အဖြစ် အခြေခံပညာ ကျောင်းသုံးကျောင်း ပြုပြင်ရန်အတွက်အလှူငွေပေးအပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

**လှူဒါန်း**

ထို့နောက် အလှူရှင် ရန်ကုန်မြို့ ရတနာမြင့်မိုရ်ဦးကုမ္ပဏီပိုင်ရှင် ဦးမြင့်သိန်း- ဒေါ်ဥမ္မာမော်မိသားစုက စွာကြီးအခြေခံပညာအလယ်တန်းကျောင်း၊ ကုန်းသာအခြေခံပညာမူလတန်းကျောင်းနှင့်သာယာကုန်းအခြေခံပညာမူလတန်းကျောင်းများပြုပြင်ရန် အလှူငွေကျပ် ငါးသိန်းကိုမြို့နယ်ဥက္ကဋ္ဌသို့ ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)** (၂၁၃)

**လယ်ဝေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ်၊ တာဝန်ခံအင်ဂျင်နီယာဦးထွန်းထွန်းဇော်နှင့် လမ်းဖြစ်မြောက်ရေး ကော်မတီအဖွဲ့ဝင်များ စက်တင်ဘာ ၂၈ရက်က မြို့ပြလမ်း ကန်သာယာလမ်းသွယ် ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးကြစဉ်။** (မြို့နယ်စည်ပင်)

# ဝမ်းတွင်းမြို့နယ်တွင် အလှူရှင်စက်ရေတွင်းဖွင့် တစ်နာရီရေဂါလန် ၁၆၀၀ ထွက်ရှိ

**ဝမ်းတွင်း အောက်တိုဘာ ၁၀**

မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် ကျွဲတဲကျေးရွာအုပ်စု ဇီးဖြူခြံကျေးရွာ အလှူရှင် စက်ရေတွင်းသစ် ဖွင့်ပွဲကို အောက်တိုဘာ ၅ ရက်နံနက် ၉နာရီက ကျင်းပသည်။ အခမ်းအနားတွင် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေဝင်း၊ ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောထွန်းစိန်၊ ဝမ်းတွင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးလှသန်းထွန်း၊ မန္တလေးမြို့မှ အလှူရှင် ဦးခင်စိုး (မိုးကုတ်ဝိပဿနာပြန့်ပွားရေးအသင်း)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

**တူးဖော်**

အဆိုပါစက်ရေတွင်းကို အလှူရှင် လှူဒါန်းငွေကျပ် ငါးသိန်းဖြင့် တူးဖော်ခဲ့ခြင်းဖြစ်ပြီး တစ်နာရီ ရေဂါလန် ၁၆၀၀ ထွက်ရှိကြောင်း သိရသည်။

**(တိုင်းစည်ပင်)**



# အပြို့ပြို့ အနယ်နယ် သတင်းများ



**ကြီးကြပ်ဆောင်ရွက်**

**အမရပူရမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း အရိပ်ရပင် ၅၀၀၊ ပန်းအလှပင် ၁၀၀၀ စိုက်ပျိုးရန်အတွက် ပျိုးအိတ်ထုပ်ခြင်းကို အောက်တိုဘာ ၆ရက်က အမှုဆောင်အရာရှိ ဦးသိန်းအောင် ကြီးကြပ်ဆောင်ရွက်စဉ်။** (၃၁၃)





# ကျေးဇူးတင်လွှာ

DRAGON GROUP COMPANY LIMITED

မှ



အောင်မြင်စွာ ထုတ်လုပ်ထားသော DG ကိုယ်တိုက်ဆပ်ပြာမှုန့်၏ အဆင့်အတန်းမြင့်မားသော အရည်အသွေးကို သုံးစွဲသူများအား မိတ်ဆက်ပေးရာတွင် အနုပညာမြောက်ပါဝင်ကူညီပေးကြသော........



ဒါရိုက်တာ ကိုနိုင် (NVG)၊ ဒါရိုက်တာ ဦးဝေလျှ (ဓာတ်ပုံ)၊
DESIGNER ဦးမြင့်မောင်ကျော်၊ ဓာတ်ပုံ ဝဏ္ဏစွာနီး၊
အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ နန္ဒာလှိုင်၊ အကယ်ဒမီ ပန်းမြူ၊
NO အဖွဲ့မှ ရတနာ၊ ရည်မွန်၊ သဇင်၊ YUMI၊ ရတနာဦး၊
ခင်စံပယ်ဦး STUDIO၊ PRO STUDIO၊ OASIS STUDIO၊
တေးရေးဆရာ ကိုလတ်၊ နိုးရယ် နှင့်



ကျေးဇူးတင်ထိုက်သူပုဂ္ဂိုလ်များအားလုံးတို့အား
အထူးကျေးဇူးတင်ရှိပါကြောင်း။

DG
DRAGON GROUP COMPANY LIMITED



# “ သတင်းကောင်း ”

## ယုဇနသီတင်းကျွတ်အကြို အိမ်ရာ အရောင်း ပွဲတော်

( ၁၆.၁၀.၂၀၀၄ ~ ၁၆.၁၁.၂၀၀၄ )

ဖုန်း–၅၄၀၇၄၅၊ ၅၄၀၇၄၆၊ ၅၄၀၇၄၇။


### မလေးရှားနိုင်ငံတွင်အလုပ်လုပ်ရန် အထွေထွေလုပ်သားများခေါ်ယူခြင်း

မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် အထွေထွေလုပ်သား(General Worker) များလိုအပ်ပါသဖြင့် အောက်ပါအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

(က) အသက် (၁၉)နှစ်မှ (၃၅)နှစ်အတွင်းရှိရမည်။
(ခ) အခြေခံပညာအလယ်တန်း(၈)တန်းအောင်ရမည်။
(ဂ) အင်္ဂလိပ်စကားအသင့်အတင့်ပြောဆိုနိုင်ရမည်။
(ဃ) ကျန်းမာရေးကောင်းရမည်။
(င) ပြစ်မှုကင်းရှင်းရမည်။
(စ) အကျင့်စာရိတ္တကောင်းမွန်ရမည်။

၂။ လုပ်သားအနေဖြင့် အောက်ပါအတိုင်း ခံစားခွင့်ရှိမည်။
(က) တစ်နေ့ အလုပ်ချိန်(၈)နာရီ
(ခ) ကျွမ်းကျင်မှုကို မူတည်၍ တစ်နေ့ (၁၈)ရင်းဂစ်မှ (၃၀)ရင်းဂစ် ရရှိနိုင်မည်။
(ဂ) တစ်လအချိန်ပိုနာရီ(၇၀)ရနိုင်ပြီး သာမန်နှုန်းထက် တစ်ဆခွဲ ရရှိမည်။
(ဃ) နယ်မှလာရောက်လျှောက်ထားသော လုပ်သားများအတွက် အလုပ်လျှောက်ထားစဉ် အခမဲ့တည်းခိုနိုင်ရေး စီစဉ်ပေးမည်။

၃။ ဝန်ဆောင်ခမှာ ၆ သိန်းခွဲဖြစ်ပါသည်။ အသေးစိတ်သိလိုက ရွှေအင်းဝ ဝန်ဆောင်မှုအေဂျင်စီ ကုမ္ပဏီလီမိတက်၊ အမှတ်(၁၁၁)၊ အောက်မင်္ဂလာဒုံ လမ်းမကြီး၊ အောင်ဆန်း၊ အင်းစိန်မြို့နယ်။
ဖုန်း–၆၄၂၄၇၃၊ ၆၄၂၉၀၂၊ Fax– ၆၄၂၉၀၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

### ဝမ်းနည်းကြေကွဲခြင်း

အစ်မကြီးဒေါ်ခင်မေရီ အသက်(၇၁)နှစ် ၁၁–၁၀–၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် အစ်ကိုကြီးဦးသိမ်းလှိုင်၊ အကြီးကောင်၊ အငယ်ကောင်၊ အကြီးမ၊ အငယ်မ၊ စပယ်လေးနှင့် သား ဝင်းလှိုင်ထွန်းတို့နှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း၊ အစ်မကြီးကောင်းရာ သုဂတိလားပါစေ။

**ဒေါက်တာချိုထွန်း၊ ဒေါ်စန်းစန်းညွန့်(တောင်ကြီးမြို့)။**


## ပတ္တမြားရတနာ


### ဝမ်းနည်းကြေကွဲခြင်း

မမျိုးစုစုလှိုင်(B.Sc, Bot) (မော်လမြိုင်)သည် ၉–၁၀–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးလေးနှင့်အဒေါ်များ** – **ဦးထွန်းလွင်–ဒေါ်မာမာဌေး၊ ဒေါ်နွဲ့နွဲ့တင်–ဦးအေးမြင့်၊ ဦးမျိုးအောင်တင်–ဒေါ်နုနုဝင်း၊ ဒေါ်ရီရီတင်–ဦးသိန်းအောင်၊ ဦးမျိုးမြင့်တင်–ဒေါ်ဌေးဌေးဝင်း၊ °Dr မျိုးထွေးတင်**

**မောင်နှမများ** – **မျိုးမြတ်မြတ်စိမ့်၊ မျိုးမင်းမင်းထိုက်၊ ထက်ထက်ရီအောင်၊ စိုးနန္ဒ(ခ)တင်ကိုကိုမြင့်၊ ငုဝါရည်၊ မျိုးပြည့်စုံဝင်း၊ မျိုးရဲထွင့်ဝင်း၊ မျိုးဝဏ္ဏထွန်း၊ မျိုးအိအိထွန်း၊ စန္ဒာဝင်း။**

### ဒဂုံမြို့သစ်(မြောက်ပိုင်း)ရွှေပင်လုံအိမ်ရာစီမံကိန်း Rose Park Housing နှင့်ပတ်သက်သော ကြော်ငြာစာ

၁။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရွှေပင်လုံ အိမ်ရာစီမံကိန်း၊ Rose Park Housingတွင်နှစ်ထပ်လုံးချင်းတိုက် (၃၉)လုံးတည်ဆောက်ခဲ့ရာ ၎င်းလုံးချင်းတိုက်များအားလုံး တည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်ပါသဖြင့် ဌာနမှတာဝန်ရှိသူများကိုယ်တိုင် ဝယ်ယူထားသူ ပိုင်ရှင်များအား လွှဲပြောင်းလက်ခံကိစ္စ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ စီမံကိန်းလုပ်ငန်းများပြီးစီးသဖြင့် ဌာနမှတာဝန်ရှိသူများအားလုံးသည် ၁–၁၁–၂၀၀၄ ရက်နေ့တွင် စီမံကိန်းနယ်မြေမှ ပြန်လည်ထွက်ခွာတော့မည် ဖြစ်သဖြင့် ဝယ်ယူထားသူ တိုက်ပိုင်ရှင်များသည် ပေးသွင်းရန်ကျန်ရှိသော တိုက်တန်ဖိုးငွေများကို ပေးသွင်းခြင်းနှင့် ဝယ်ယူခွင့်ရရှိသောတိုက်ကို စစ်ဆေးလက်ခံခြင်းတို့ကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန စီမံကိန်းဌာနခွဲတွင် ၃၁–၁၀–၂၀၀၄ ရက်နေ့ နောက်ဆုံးထား၍ လာရောက်ဆက်သွယ် လွှဲပြောင်းလက်ခံဆောင်ရွက်ကြရန် အကြောင်းကြားပါသည်။

၃။ ၃၁–၁၀–၂၀၀၄ ရက်နေ့ နောက်ပိုင်းတွင် အထက်ပါ လုံးချင်းတိုက်များနှင့် ပတ်သက်သော ကိစ္စရပ်များအား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူတော့မည် မဟုတ်ကြောင်း အကြောင်းကြားပါသည်။

**စီမံကိန်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။**


### ညှိနှိုင်းဈေးဖြင့်ရောင်းမည်

ရန်ကုန်–မကွေး လက်ရှိပြေးဆွဲနေသည့် Mitsubishi Bus (52)ခုံ (ဗ/၆–––)6D 22 Emgime ကိုယ်ထည်၊ အင်ဂျင်၊ စက်ပိုင်းဆိုင်ရာ အားလုံးကောင်းသည်။

**ဆက်သွယ်ရန်**
**ဖုန်း–၀၆၃–၂၁၅၁၈၊၂၁၁၇၀။**


### ကျေးဇူးတင်ရှိခြင်း

ရဟန်း၊ ကျောင်းဒါယကာ ဒုတိယ ရဲမှူးဉာဏ်ဝင်း အသက်(၅၂)နှစ် လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့မှူး(ငြိမ်း)သည် ၈–၁၀–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ လာရောက်အားပေးကူညီကြသော အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လှိုင်သာယာမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လှိုင်သာယာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောက်ဆည်အသင်းမှတာဝန်ရှိပုဂ္ဂိုလ်များနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ဆွေမျိုးမိတ်ဆွေ အပေါင်းတို့အား ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု။**

# ငွေဆောင်ကို နိုင်ငံတကာအဆင့်မီ ပင်လယ်ကမ်းခြေအပန်းဖြေစခန်းကြီးဖြစ်လာရေး ဆောင်ရွက် သဘာဝပတ်ဝန်းကျင်မပျက်ယွင်းသည့် ပင်လယ်ကမ်းခြေအဖြစ်ထိန်းသိမ်းရင်း လူဖန်တီးသောပုံစံမျိုး မဖြစ်ရေးသတိပြု နိုင်ငံတော်အစိုးရက ငွေဆောင်ပင်လယ်ကမ်းခြေအပန်းဖြေစခန်းဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ပံ့ပိုးပေးမည်

**ရန်ကုန် အောက်တိုဘာ ၁၄**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ **စာမျက်နှာ ၆ ကော်လံ ၃ ✻**





ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဧည့်ပရိသတ်များ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဂီတလုလင်ဦးကိုကိုရေးစပ်သီကုံးသော ပြိုင်ပွဲဂုဏ်ပြုတေးသီချင်းဖြင့် အနုပညာရှင်များ သီဆိုကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

# ဒွါဒသမအကြိမ်( ၁၂ကြိမ် ) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဖွင့်လှစ် ကျင်းပရေးနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အဖွင့်မိန့်ခွန်းပြောကြား

**ရန်ကုန် အောက်တိုဘာ ၁၄**

မိမိတို့နိုင်ငံသူ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာ တို့၏ ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရေး၊ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရေး၊ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ **စာမျက်နှာ ၁၀ ကော်လံ ၁ ☆**





ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ပြိုင်ပွဲကျင်းပရန် စီစဉ်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး